ရန်ကုန်မြို့

ကျောင်းရှင်မိုးညိုဆရာတော်အရှင်ဥတ္တမ

ရေးသားစီစဉ်ထားသော

# ဓမ္မရတနာနုတ္တကျမ်း

တတိယတွဲ

စိန်ရတနာစာပုံနှိပ်တိုက်
အမှတ် ၃၁၅၊ ကျိုက္ကဆံလမ်း၊ တာမွေ-ရန်ကုန်မြို့။

၄

ရန်ကုန်မြို့

ကျောင်းဒူးရှင်

မိုးညှိုဆရာတော်

အရှင်သူမြတ် ရေးသားစီစဉ်ထားသော

# ဓမ္မရသ ဓနုတ္တကျမ်း။

တတိယတွဲ

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။

# ဘာသာရေးဆိုင်ရာစာပေ
# ခွင့်ပြုချက် အမှတ် (၄၄၅၀)

ပထမအကြိမ်
အုပ်ရေ (၇၀၀၀)
၁၉၇၀-ခု အောက်တိုဘာလ

ပုံနှိပ်သူ။ ။ဦးပါ၊ မှတ်ပုံတင်အမှတ် (၀၂၁၈)
စိန်ရတနာစာပုံနှိပ်တိုက်၊
အမှတ်-၃၁၅၊ ကျိုက္ကဆံလမ်း၊ တာမွေ၊ ရန်ကုန်မြို့။

ထုတ်ဝေသူ။ ။ဒေါ်စိန်ဟန်၊ မှတ်ပုံတင်အမှတ် (၀၁၁၄၃)
ပတ္တမြားစာပေတိုက်၊
အမှတ် ၃၁၅၊ ကျိုက္ကဆံလမ်း တာမွေ ရန်ကုန်။



( မိုးညိုဆရာတော် အရှင်မြတ်၏ပုံတော် )

## နိုင်ငံတော် ဩဝါဒါစရိယ
## မန္တလေး - ဦးပဝရ ဆရာတော်ဘုရား၏ ထောက်ခံချက်။

မိုးညိုဆရာတော်ကလေး၏ ယခုရေးသား စီရင်အပ်သော (မေ့မရသဏ္ဍာန်တွက်ကျမ်း)သည်၊ ဘုရားဟော နိကာယ်ပါဠိတော်ကြီးများနှင့် ကိုက်ညီလှပါသည်။

**အထူး ထုတ်ဖေါ် ညွှန်ပြရသော်-**

၁။ မဟာဝဂ္ဂသံယုတ်- ခဓာတုခန္ဓသုတ်- ဗီဇခန္ဓသုတ်။

၂။ ပဏ္ဏာသပါဠိတော်- ပဂ္ဂုသာခိသုတ်။

၃။ ပုဏ္ဏောဝါဒသုတ်များနှင့် အထူးကိုက်ညီပါသည်။

ဦးပဝရ

မြန်မာပြည် ဗုဒ္ဓသာသနာပြု၊ အစိုးရ ဝိနိစ္ဆယဌာန၊
နိုင်ငံတော်ဩဝါဒါစရိယ၊ မူလငါးစီးတိုက်၊
( ဘီ-ဘီ-အို-အေ ) မိဘမဲ့ကျောင်း၊ မန္တလေးမြို့။

၁၆ - ၉ - ၇၀

ဘုရားတပည့်တော် ဒကာ ဖိုးသန့်နှင့် ဒကာမ-မိလှမေ ခြေတော်ဦးခိုက် ရှိသေစွာလျှောက်ထားပါသည် ကျေးဇူးရှင်-မိုးညို ဆရာတော် အရှင်သူမြတ်ဘုရား-

လျှောက်ထားရန်မှာ....

သမထအလုပ်နှင့်ဝိပဿနာအလုပ်ဆိုသည်မှာမည်ကဲ့သို့ကွဲပြား၍ သမထ အာရုံနိမိတ်များဆိုတာ အဘယ်ကဲ့သို့ဖြစ်ပုံကို အနည်းငယ် ရှင်းပေးတော်မူပါဘုရား။

ရုပ်နာမ်၏သဘောနှင့်ဓာတုပရိစ္ဆေဒ-ရူပပရိစ္ဆေဒ-နာမပရိစ္ဆေဒများကို ခွဲခြားပြီးလျှင် ရုပ်ဝိဉာဏ် ခေါ်ရပုံ ရှင်းပေးတော်မူပါဘုရား။

ဘယ်ရုပ်ဘယ်နာမ်တို့အပေါ်၌ ဝိပဿနာအနေဖြင့် ဘယ်ကဲ့သို့ရှု၍ အဘယ်သို့သော အမြင်အသိရမှသာ စင်စစ်သောတာပန် ပုဂ္ဂိုလ်ကြီး ခေါ်ဆိုထိုက်ပုံများကို ဘုရားတပည့်တော်နှင့်တကွ အားလုံးသော ယောဂီတပည့်များ သိလိုလှပါ၍၊ တပည့်များကိုငဲ့ညှာထောက်ထားသနားတော်မူသောအားဖြင့် ရေးသား၍ ပေးသနားတော်မူပါမည့်အကြောင်း ရှိသေစွာ လျှောက်ထားအပ်ပါသည် ဆရာသခင် ကျေးဇူးရှင် မိုးညိုအရှင်သူမြတ်ဘုရား။

(ပုံ) မောင်သန့်-လှမေ နှင့် ယောဂီများ
ရန်ကုန်မြို့။

# ဆရာတော်၏ တိုက်တွန်းချက်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့ အမရပူရမြို့ တောင်ကြီးမြို့နေ ဒါယိကာ-ဒါယိကာမတွေက အသနားခံ လျှောက်ထားတောင်းပန်ခြင်းကြောင့်၊ ဤမိုးညိုဝိပဿနာ ဓမ္မရသအနတ္တကျမ်းကို တရားဟောမှု တရားပြမှုမှအပ လွတ်လပ်သောအချိန်မှာပင် ဦးပဥ္စင်း၏ခန္ဓာကိုသာ အကိုးအကားပြု၍ ထိုခန္ဓာထဲမှ နူးညံ့သိမ်မွေ့၍ နက်နဲပြီး အသိအမြင် ခက်ခဲလှစွာသော ကြောင်း ကျိုး သဘောတွေကို တရားအလုပ်နှင့် အားထုတ်မည့်ပုဂ္ဂိုလ်တွေနှင့် တရားအလုပ်နှင့်အားထုတ်ဆဲပုဂ္ဂိုလ်များ၊ မြင်လွယ်-သိလွယ်စေခြင်းငှါ အပိုစကားလုံးတွေ မသုံးနှုံးဘဲ အတိုချုံး၍ မြန်မာတို့၏ အသုံးအနှုံး အက္ခရာစာလုံးဖြင့်သာ ဦးပဥ္စင်း အားထုတ်စဉ်က မြင်ရ-သိရခဲ့သော သဘောတွေကို ပြတ်သားရှင်းလင်းစွာ မေတ္တာရှေ့ထားပြီး စီစဉ်၍ ရေးသားလိုက်ရပေတော့သတည်း။

**မှတ်ချက်။** ။ဤစာအုပ်ကို ဖတ်ရှုကြသော ရဟန်းရှင်လူ သူတော်ကောင်းအပေါင်းတို့သည်၊ မြန်မာတို့၏အသုံးအနှုံးဖြင့်ရေးသားထားသည့် အဓိပ္ပါယ်သဘောတွေကို သတိထား၍ စဉ်းစားဉာဏ်နှင့် သေချာစွာ ဖတ်ရှုကြပါရန် တိုက်တွန်းအပ်ပါသည်။

မိုးညိုဆရာတော်

# နိဒါန်း

ပရိယတ် ပဋိပတ် ပဋိဝေဓ ဟူ၍ ဗုဒ္ဓရှင်တော်မြတ်ဘုရား ထား ရှိတော်မူခဲ့သော သာသနာတော်မြတ်ကြီးသည်ကား အရေးပါ အရာရောက် မွန်မြတ်လှပါ၍ ကြုံကြိုက်သည့်အခါ ဝမ်းပန်းတ သာ လိုက်နာအားထုတ် ပြုလုပ်ဆောင်ရွက် ကျင့်ကြံကြရမည်ကို ကား ဗုဒ္ဓဘာသာဝင်တိုင်း သဘောပေါက် နားလည်ကြပေလိမ့် မည်။

စာပေကျမ်းဂန်ဘက်မှ မူလအဖြေခံ ကျမ်းစာများနှင့် ပါဠိ တော် အဋ္ဌကထာ ဋီကာ အနုဋီကာ မဓုယောဇနာ စသည်များကို မိမိ တို့သင်ကြား နေဆဲမှာသော်၎င်း၊ သင်ကြား တတ်မြောက်ပြီး၍ ဆရာတဆူအနေနှင့် စာသင်တိုက်ကြီးများပြုလုပ်ကာ တပည့်တ ပန်းတို့ကို သင်ကြားချပို့နေခြင်းအားဖြင့်သော်၎င်း၊ ထိုအရှင် မြတ်တို့မှာ မြတ်စွာဘုရား ထားရှိတော်မူခဲ့သော ပရိယတ္တိသာသ နာတော်ကြီးကို ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ထမ်းဆောင်လျက် နေသည်ဟုဆိုရပါပေ၏။ (ဤကားဂန္ထဓုရကိုရည်ညွှန်းပါသည်)

ထိုနည်းအတူပင် သမထဘာဝနာ ဝိပဿနာ ဘာဝနာတရားများကို လိုက်စားအားထုတ် ကျင့်ကြံနေခြင်းဖြင့်လည်း ထိုပုဂ္ဂိုလ်သည် ပဋိပတ္တိသာသနာကို အားပေး ဆောင်ရွက် နေသည်ဟု ဆိုရပြန်ပေ၏။ ( ဤကား ဝိပဿနာဓူရကို ရည်ညွှန်းပါသည် )

ထိုသို့ဆောင်ရွက်ရသော လုပ်ငန်းကြီးနှစ်ခုစလုံးတို့၌ပင် တိကျမှန်ကန်သော ထမ်းဆောင်နိုင်ရေးမှာ မူလဆရာများသာ လိုရင်းဖြစ်ပေ၏၊ ဆရာကောင်းတပည့် ပန်းကောင်းပန် ဆိုရာတို့၌လည်း လောကီ - လောကုတ္တရာ အသိပညာရယူရေးတို့မှာပင် ဆရာများကိုသာ ဦးစားပေး၍ ဆိုထားချက်များသာ ဖြစ်ချေသည်။

ဒါ့ကြောင့် ပဋိပတ်တည်းဟူသော ကျင့်စဉ်အနေနှင့် ဝိပဿနာဉာဏ် ရရှိရေးများ လိုက်စားနေကြသော ကျွန်ုပ်တို့အဘို့မှာလည်း တကယ့်ကမ္မဋ္ဌာနာစရိယ ဆရာကောင်းများကိုသာ လိုလားအပ်လှပါပေသည်၊ လိုလားသည့်အတိုင်း စူးစမ်းရှာဖွေရမည်မှာ ကျွန်ုပ်တို့၏ ဝတ္တရားတခုဖြစ်ပေ၏။

( ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗာ ဟူသောဘုရားတိုက်တွန်းချက်ကို ရည်ညွှန်းပါ၏။ )

အို....ဓမ္မမိတ်ဆွေအပေါင်းတို့၊ ယခုအခါ ကမ္မဋ္ဌာနာစရိယ ပြုလုပ်နေကြသော ကမ္မဋ္ဌာန်းဆရာများသည်၊ ရုပ်နှင့်နာမ်ကို အရှုခံထား၍ မိမိတို့၏တပည့်များအား ဝိပဿနာရှုမှုဟု ဆိုအပ်သော ဝိပဿနာစိတ္တုပ္ပါဒ် အာရမ္မဏိက အကျိုးတရားများရရှိအောင် ပြုဆိုကြရာ၌ အချို့ကား- မြင်မြင်သမျှ ရေ- မြေ- တော-တောင်နှင့် တကွ အဆောက်အဦးတွေကို ရုပ်ဟု ပြောဆို ပြသကြ၏၊ အချို့လည်း မြင်တာ - ကြားတာ - နံတာ - လျက်တာ - ထိတာ-ပူတာ-အေးတာ-ကြွတာ-ချတာ-လှမ်းတာ များကို ရုပ်ဟူ၍ပြောဆို ပြသ

ကြ၏၊ သို့သော် - ဘာဘဲဖြစ်ဖြစ် ထိုဆရာတို့ပြသော ရုပ်များသည် ရုပ္ပတိတိရူပံ ဟူသော ဝိဂ္ဂဟာနှင့် ကိုက်ညီပါသလော။

( မှတ်ချက်။ ရုပ်ဆိုတာ-ဖောက်ပြန်မှုသဘောသက်သက်မှုကို ဆိုပါသည်။ )

ဒါ့ကြောင့် - အို....ဓမ္မမိတ်ဆွေ အပေါင်းတို့၊ ဣမေဟိရုပက္ခန္ဓာ အာယတနဒွါနံ မောဟောအဝိဇ္ဇာ ဟု ပေ့ဋိသမ္ဘိဒါမဂ်၌ အဆိုရှိရကား ဉပပတ္တိခေါ်သော လက်ရှိအတ္တဘောကြီးမှ မျက်စိ-နား-နှာ လျှာ-ကိုယ်အကြည်တိုင်းတို့၌ ဖြစ်ပေါ်ဆဲသဘောကို ဘာရယ်လို့ မသိတာဟာ ပစ္စုပ္ပန် အဝိဇ္ဇာဓမ္မာဟာလို့ ဆိုပါတယ်။

ထိုအဝိဇ္ဇာမောဟ ရှိနေသမျှ ဝိပဿနာဉာဏ် ရရှိရေးကိုလည်း မလုပ် မလုပ်လို့ အမှန်မသိ အမှန်မသိလို့-မှားမှား ယွင်းယွင်း တွေ့ကျင့်ကြံမိ၊ အဲဒီလို-အကျင့်မှားနေတဲ့ ပုဂ္ဂိုလ်များအဘို့မှာဆို လျှင် အဝိဇ္ဇာ အပ္ပဋိပတ္တိ မိစ္ဆာပဋိပတ္တိ ဘာဝေန သဗ္ဗော အာဘိဘ ဝတိ ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ပြဆိုပြန်ရကား ထိုလွဲမှားသော မိစ္ဆာပဋိပတ္တိ တည်းဟူသော မိမိတို့အကျင့်ကပင်လျှင် ဖိစီး နှိပ်စက် လျက် အပါယ်ဆင်းရဲသို့ ကျရောက်စေ၏ တဲ့။

အဲဒါလို-အယူဝါဒ သဘောတရားတွေပေါ်မှာမူတည်ပြီး အမှန်အကန်ရရှိရေးကို လိုလားနေကြပါကုန်သော သင်-ဓမ္မမိတ်ဆွေ အပေါင်းတို့အဘို့မှာဆိုလျှင် ယာခုရေးသားလိုက်သော ကျေးဇူးရှင် မိုးညိုဆရာတော်၏ ဓမ္မရသအနုတ္တာကျမ်းသည် ကျွန်ုပ်တို့၏ အယူဝါဒတွေကို ဖြေရှင်းပေးထားသကဲ့သို့ ရေးသားချက်တွေ ပါရှိနေ သဖြင့် ပထမလက်ဦးစွာ ဖတ်မိဘို့ရန်ပင် အလွန်ဘဲ အရေးကြီးလှ ပေ၏။

ဘာ့ကြောင့်ဆိုသော် ထိုစာအုပ်သည် မည်သည့်ပုဂ္ဂိုလ်မဆို သိသင့်သိထိုက်သော သမထနှင့်ဝိပဿနာ ကွဲပြားပုံ၊ ရုပ်နာမ်တို့၏ သဘောနှင့် ဓာတုပရိစ္ဆေဒ - ရူပပရိစ္ဆေဒ - နာမ ပရိစ္ဆေဒများကို အားလုံးသိနိုင်လောက်သော မြန်မာတို့အသုံး စကားလုံးများဖြင့် ပြောင်မြောက်စွာသုံးနှုန်း၍ ရေးသားထားရုံမျှမက ထိုဓါတ်-ထိုရုပ် ထိုနာမ်တို့အပေါ်မှ စူဠသောတာပန်ပုဂ္ဂိုလ်တို့ အမြင်အသိ ဘယ်ပုံ ဘယ်နည်း ဖြစ်ရသည်ဆိုတာကို ပိုင်နိုင်စွာ ရေးသားထားသဖြင့်၊ ထို ဓမ္မရသအနုတ္တကျမ်းသည် မိမိကျမ်းအမည်နှင့်လျော်စွာ တရား အရသာတွေချည့် ပြည့်နေပါသောကြောင့် ထိုစာအုပ်ကို အမြန် ဆုံး ဝယ်ယူဖတ်ကြား၍ ကိုယ်တိုင် ဝိပဿနာအလုပ်အားထုတ်သင့် ကြောင်းကို ကောင်းမြတ်သောစိတ်ထားနှင့် တိုက်တွန်းစကား ရေးသားလိုက်ရပါကြောင်း။

မောင်ရွှေ ( ဓမ္မာစရိယ )

၂-ရပ်ကွက်၊ ဇီဇဝါ ၁-လမ်း၊

မြောက်ဥက္ကလာ။

# " ဓမ္မရသအနုတ္တကျမ်း "

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရတနတ္တယ ပဏာမနှင့်တကွ ကျမ်းပြုခြင်း၏
အကြောင်းပြစကား။

---

ရတနတ္တယံ ပဏာမံ အဟံ ဝန္ဒာမိ။
တပည့်အများ ခတ်တွား လျှောက်ထားတောင်းပန်၏။
ဝိပဿနံ နည်းအမှန် လိခံကရောမိ။
မေတ္တာရှေ့ထား တဖန်အား ရေးသားရပြန်၏။
ရုပ်ပိုင်း-နာမ်ပိုင်း ဆုတ်မဆိုင်း ဟုတ်တိုင်းသိစေဘိ။
အရှိတရား သတိထား သိပြားကြစေဘိ။
ဝိပဿနာအလုပ် မှန်အချုပ် နာမ်ရုပ်ပိုင်ပိုင်သိ။
စာအုပ်ထဲမှာ စာတွေသာ ရွတ်ခါမနေဘိ။
ကိုယ်ခန္ဓာတွင်း ဉာဏ်မသွင်း လိုရင်းမသိရှိ။

ဆရာကောင်းထံ နည်းမခံ အမှန်မသိဘိ။

အရှုခံနှင့် ရှုဉာဏ်နှစ်ပါး-သဘောသွား ကွဲပြားခြားနား၍။

ခြောက်ပေါက်-ခြောက်တံခါး-တဖွားဖွား

ရုပ်များမြင်အောင်ကြည့်။

ဖြစ်ဆဲရုပ်နာမ် - အရှုခံ ရှုဉာဏ်ရအောင်ကြည့်။

အရှုခံနှင့်-အရှုဉာဏ် ကွဲအောင်အားထုတ်ကြည့်။

ဤစာအုပ်တွင်-ရုပ်နာမ်ပင် ဖတ်လျှင်သုတသိ။

သုတသိတိုင်း - ဆုတ်မဆိုင်း လုပ်တိုင်းမြင်နိုင်၏။

ခန္ဓာကျမ်းသာ - ကိုးကားကာ ရေးသားလိုက်ပေ၏။

ယခုအခါ မဂ်ဖိုလ်နိဗ္ဗာန်အလို့ငှါ တရားအလုပ်နှင့် အားထုတ်နေကြကုန်သော ယောဂီများ သိရှိနားလည်ကြရမည်မှာ သမထနှင့် ဝိပဿနာဟုဆိုအပ်သော အလုပ်နှစ်မျိုးကို ကွဲပြားခြားနားစွာ သိရှိပြီး နားလည်ထားဘို့ရာသည်၊ ယောဂီတိုင်းတို့၏ အလွန်ပင်အရေးကြီးလှစွာသော တာဝန်ကြီးတခုပေတည်း။

အဘယ့်ကြောင့်ဆိုရသော် ဝိပဿနာအလုပ်ကို သမထအလုပ်ဟု မထင်မှတ်ကြသော်လည်း သမထအလုပ်ကိုပင် ဝိပဿနာအလုပ်ဟူ၍ မှတ်ထင်ကြမည်ဖြစ်တတ်လေသောကြောင့်၊ သမထနှင့် ဝိပဿနာအလုပ်ကို ကွဲပြား ခြားနားစွာရေးသားပြသပေဦးအံ့။

## သမထအမြင် ရှင်းတမ်း။

အနည်းငယ် သဘောပေါက်လောက်အောင်သာလျှင် သမထအလုပ်ကို ရှေးဦးစွာပြမည်ဖြစ်၏၊ သမထအလုပ် ဟူသည်ကား ကမ္မဋ္ဌာန်းလေးဆယ်သာလျှင်ဖြစ်၏၊ ထိုကမ္မဋ္ဌာန်းလေးဆယ်ထဲမှ မည်သည့်ကမ္မဋ္ဌာန်းအလုပ်ကိုပင်အားထုတ်အားထုတ် အရှုခံသော ပစ္စည်းတခုပေါ်မှာ တခုတည်းသောအာရုံယှဉ်၍ ထို ယှဉ်၍နေတဲ့ တခုတည်းသောအာရုံပေါ်မှာ သမာဓိ ဟုဆိုအပ်သော တည်ငြိမ်ငြိမ်းနေတဲ့အသိနှင့်တကွ၊ ကေဂ္ဂဒါသမာဓိသော်၎င်း၊ အပ္ပနာသမာဓိသော်၎င်း၊ ဈာန်အင်္ဂါ တို့ကိုသော်၎င်း၊ အဘိညာဏ်တို့ကိုသော်၎င်း၊ မြေလျှိုး၍မိုးပျံနိုင်သည့် ဣဒ္ဓိပါဒ်တံခိုးများအထိ ရရှိကြရုံမျှမက၊ စိတ်၏အာရုံရှေ့၌ပင် ပညတ်နိမိတ်တွေအမျိုးမျိုးထင်မြင်ကြခြင်း၊ မိမိ၏ကိုယ်ကောင်ကြီး၌ပင် ဘယ်ဒင်းကရုပ်၊ ဘယ်ဒင်းကဝေဒနာ၊ ဘယ်ဒင်းကသညာ၊ ဘယ်ဒင်းကသင်္ခါရ၊ ဘယ်ဒင်းကဝိညာဏ်ပါဘဲဟူ၍ မြင်မသိကြတော့ဘဲ၊ ဿနမလှတ်သောမီးတွေတောက်လောင်နေသည် ဟူ၍သော်၎င်း၊ မိမိ၏ကိုယ်ကောင်ကြီးသည်ပင်လျှင် ရင်ဘတ်နှစ်ခြမ်းကွဲပြီး သွေးတွေယိုစီးကျနေသည် ဟူ၍သော်၎င်း၊ မိမိ၏အသဲတွေပင် ပြုတ်ကြွေကျသည်ဟူ၍သော်၎င်း၊ မိမိ၏အူခွေကြီးတွေကိုပင်မြင်တွေ့နေရသည်ဟူ၍သော်၎င်း မိမိ၏အရိုးစုတွေ အကြောစုတွေကို မြင်တွေ့ရသည် ဟူ၍သော်၎င်း မိမိ၏ ကိုယ်ကောင်ကြီးထဲ၌ အိုင်းအမာကြီးများကဲ့သို့ ကိုက်နေသလိုလို ထုနေသလိုလို ခဲနေသလိုလို ကျင်နေသလိုလို ပူနေသလိုလို အေးနေသလိုလို တောင့်နေသလိုလို တင်းနေသလိုလို အောင့်အင်းနေသလိုလို နာနေသလိုလို မှတ်ထင်ပြီး၊ ရုပ်နာမ်တွေကို ပိုင်းခြား

မမြင်တော့ဘဲ ထိုအစိုင်အခဲတွေနှင့် ပညတ်နိမိတ်တွေရဲ့အပေါ်မှာပင်သောင်တင်၍နေပြီး၊ ထိုအမြင်-ထိုအသိမျိုးကိုပင် ဝိပဿနာအမြင်အသိဟူ၍မှတ်ထင်ကြသော်လည်း အမှန်ကတော့ ဝိပဿနာအမြင်အသိမဟုတ်ပါဘဲ သမထအလုပ်မှ ချွတ်ချော်ပြီး ဘာကမှအသုံးမဝင်တဲ့ သမာဓိ၏အန္တရာယ်ဖြစ်သည့် အာရုံနိမိတ်ပေါ်မှာသောင်တင်၍နေခြင်းသာဖြစ်၏၊ သမထအလုပ်မှာမူကား သီလဖြင့်ပြည့်စုံပြီး တည်ကြည်သောအသိတခုဖြစ်နေအောင် အားထုတ်မှုသာလျှင် သမထဘာဝနာအလုပ်မည်၏။ ( သမထအမြင်ရှင်းတမ်းပြီး၏ )

## ဝိပဿနာအမြင် ရှင်းတမ်း

ယခုအခါ ဝိပဿနာအလုပ်စခန်းကို ရေးသားပြသပေအံ့၊ ဝိပဿနာအလုပ်ဟုဆိုသည်မှာ-နာမည်မှည့်ထားသော နာမပညတ်တွေလဲမပါ ပုံပန်းသဏ္ဍာန်တွေနှင့်တကွ ဃနအစိုင်အခဲတွေလဲမပါ အဖြူ-အနီ-အကြောင်-အကျား-အရောင်-အဆင်း-အလင်း-အရိပ်နိမိတ်တွေများတောင် မြူငွေ့မျှမပါရှိတော့ဘဲ ဥပမာပြုရမည်ဟုဆိုသော်၊ အလွန်ပင် သေးငယ်လှစွာသော မှုံမွှားလှစွာသော ရထားမြူ ပရမာအနုမြူကလေးတခုကို အစိတ်ပေါင်းကုဋေကုဋာစိတ်ဖြာလို့ရကြသော်လဲ၊ ဘယ်လိုဥပမာပြုလို့မှ နှိုင်းယှဉ်၍မဖြစ်နိုင်တဲ့ အကြောင်းဟိတ် တိုက်ဆိုင်တိုင်း ဖြစ်ပေါ်၍လာသည့် ပစ္စုပ္ပန်အကျိုး ပရမတ်သဘောသက်သက်ထဲ၌ ကိုင်ပြလို့မရ-စမ်းကြည့်သော်လဲမတွေ့၊ ပကတိလက်နှင့်ပင်ခွဲခွါလို့လဲမရ၊ မံသမျက်စိနှင့်ပင် မမြင်မသိရတော့ဘဲ မြဲမြံသောသတိကပ်၍ အာရုံနဲ့တွေ့ပြီး ဉာဏ်ဖြင့်ပိုင်းခြားလို့ ပညာဖြင့်ထိုးထွင်းကန့်သတ် သိစရာရှိ

သော ဓါတ်လို့ဆိုတဲ့ ပျော့အောင် - မာအောင် ဆောင်ပို့တတ်သော အကြောင်းသဘော ရှိခြင်းကြောင့် ပထဝီလို့ဆိုတဲ့ ပျော့တယ် မာတယ်ဟု အသမှတ်ခံရသောအကျိုးသဘော။

ထို့နောက် ဓါတ်လို့ဆိုတဲ့ ပတ်ဖွဲ့အောင် - ယိုစီးအောင် ဆောင်ပို့တတ်သောအကြောင်းသဘောရှိခြင်းကြောင့်၊ အာပေါလို့ဆိုတဲ့ ပတ်ဖွဲ့တယ် ယိုစီးတယ်ဟု အသမှတ်ခံရသော အကျိုးသဘော။

ထို့နောက်- ဓါတ်လို့ဆိုတဲ့ ပူအောင်-အေးအောင် ဆောင်ပို့တတ်သောအကြောင်းသဘောရှိခြင်းကြောင့် တေဇောလို့ ဆိုတဲ့ ပူတယ်-အေးတယ်ဟု အသမှတ်ခံရသောအကျိုးသဘော။

ထို့နောက် - ဓါတ်လို့ဆိုတဲ့ တွန်းအောင်- ကန်အောင် ဆောင်ပို့တတ်သော အကြောင်းသဘောရှိခြင်းကြောင့်၊ဝါယောလို့ဆိုတဲ့ တွန်းတယ် - ကန်တယ်ဟု အသမှတ်ခံရသောအကျိုးသဘော။

ဒါကြောင့် - ပျော့အောင် - မာအောင် ဆောင်ပို့တတ်သော အကြောင်းသဘောနှစ်ခုကို ဓါတ်ဟူ၍ ခေါ်ဝေါ် သမုတ်ရ၏၊ ပျော့မှု- မာမှုလို့ဆိုတဲ့ အကျိုးသဘောနှစ်ခုကိုတော့ ပထဝီဟု ခေါ်ဝေါ်သမုတ်ခြင်းကြောင့်အကြောင်းကိုတော့ဓါတ်၊အကျိုးကိုတော့ ပထဝီ၊ အကြောင်းဓါတ်သည်-အကျိုးပထဝီမဟုတ်၊ အကျိုးပထဝီသည်လည်း အကြောင်းဓါတ်မဟုတ်၊ သို့သော်လဲ အကြောင်းဓါတ်ဖြစ်လို့သာလျှင် အကျိုးပထဝီ ရှိလာသည်ဟူ၍ ပိုင်းခြားသိကြပြီးလျှင်၊ ထိုအကြောင်းဓါတ်နှင့် အကျိုးပထဝီကို ဒွန်တွဲ၍ သမုတ်မည်ဆိုပါက ပထဝီနှင့်ယှဉ်သောဓါတ်ဟူ၍ မြတ်စွာဘုရားကြီးက ခေါ်ဝေါ်သမုတ်တော်မူခဲ့ပါပေ၏။

ဒါကြောင့်- ပတ်ဖွဲ့အောင် ယိုစီးအောင် ဆောင်ပို့တတ်သော အကြောင်းသဘောနှစ်ခုကို ဓါတ်ဟူ၍ခေါ်ဝေါ်သမုတ်ရ၏၊ ပတ်ဖွဲ့မှု ယိုစီးမှုလို့ ဆိုတဲ့ အကျိုးသဘောနှစ်ခုကိုတော့ အာပေါဟု ခေါ်ဝေါ်သမုတ်ရခြင်းကြောင့်၊ အကြောင်းကိုတော့ဓါတ်၊ အကျိုးကိုတော့အာပေါ၊ အကြောင်းဓါတ်သည် အကျိုးအာပေါမဟုတ်၊ အကျိုးအာပေါသည်လည်း အကြောင်းဓါတ်မဟုတ်၊ သို့သော်လဲ အကြောင်းဓါတ်ဖြစ်လို့သာလျှင် အကျိုးအာပေါရှိလာသည်ဟူ၍ ပိုင်းခြားသိကြပြီးလျှင်၊ ထိုအကြောင်းဓါတ်နှင့် အကျိုးအာပေါကို ဒွန်တွဲ၍သမုတ်မည်ဆိုပါက အာပေါနှင့်ယှဉ်သော ဓါတ်ဟူ၍ မြတ်စွာဘုရားကြီးက ခေါ်ဝေါ်သမုတ်တော်မူခဲ့ပါပေ၏။

ဒါကြောင့်- ပူအောင် အေးအောင် ဆောင်ပို့တတ်သောအကြောင်းသဘောနှစ်ခုကို ဓါတ်ဟူ၍ ခေါ်ဝေါ်သမုတ်ရ၏၊ ပူမှု-အေးမှုလို့ ဆိုတဲ့ အကျိုးသဘောနှစ်ခုကိုတော့ တေဇောဟု ခေါ်ဝေါ်သမုတ်ရခြင်းကြောင့်၊ အကြောင်းကိုတော့ဓါတ်၊ အကျိုးကိုတော့တေဇော၊ အကြောင်းဓါတ်သည် အကျိုးတေဇောမဟုတ်၊ အကျိုးတေဇောသည်လည်း အကြောင်းဓါတ်မဟုတ်၊ သို့သော်လဲ အကြောင်းဓါတ်ဖြစ်လို့သာလျှင် အကျိုးတေဇောရှိလာသည်ဟူ၍ ပိုင်းခြားသိကြပြီးလျှင် ထိုအကြောင်းဓါတ်နှင့် အကျိုးတေဇောကို ဒွန်တွဲ၍သမုတ်မည်ဆိုပါက တေဇောနှင့်ယှဉ်သော ဓါတ်ဟူ၍ မြတ်စွာဘုရားကြီးက ခေါ်ဝေါ် သမုတ်တော်မူခဲ့ပါပေ၏။

ဒါကြောင့်- တွန်းအောင်ကန်အောင် ဆောင်ပို့တတ်သော အကြောင်းသဘောနှစ်ခုကို ဓါတ်ဟူ၍ ခေါ်ဝေါ် သမုတ်ရ၏၊ တွန်းမှု ကန်မှုလို့ ဆိုတဲ့ အကျိုးသဘောနှစ်ခုကိုတော့ ဝါယောဟု

ခေါဝေါသမုတ်ရခြင်းကြောင့် အကြောင်းကိုတော့ခေါ်တ် ၊ အကျိုးကိုတော့ဝါယော၊ အကြောင်းခေါ်တ်သည် အကျိုးဝါယော မဟုတ်၊ အကျိုးဝါယောသည်လည်း အကြောင်းခေါ်တ်မဟုတ်၊ သို့သော်လဲ အကြောင်းခေါ်တ်ဖြစ်လို့သာလျှင် အကျိုးဝါယော ရှိလာသည်ဟူ၍ ပိုင်းခြားသိကြပြီးလျှင် ထိုအကြောင်းခေါ်တ်နှင့် အကျိုးဝါယောကို ဒွန်တွဲ၍သမုတ်မည်ဆိုပါက ဝါယောနှင့်ယှဉ် သောခေါ်တ်ဟူ၍ မြတ်စွာဘုရားကြီးက ခေါဝေါ သမုတ်တော်မူ ခဲ့ပါပေ၏။

သို့အတွက်ကြောင့်၊ ထိုအကြောင်းတွေနှင့် အကျိုးတွေကို နာမည်တပ်၍ သမုတ်ပေးရမည်ဟုဆိုခဲ့ပါလျှင်၊ ထိုအကျိုး ပထဝီနှင့် အကြောင်းခေါ်တ်ကိုသာလျှင် ပထဝီနှင့် ယှဉ်၍နေသောခေါ်တ် ဟူ၍ ခေါ်ရပြန်ပေ၏။

ထိုအကျိုးအာပေါနှင့် အကြောင်းခေါ်တ်ကိုသာလျှင် အာပေါ နှင့်ယှဉ်၍နေသောခေါ်တ်ဟူ၍ခေါ်ရပြန်ပေ၏။

ထိုအကျိုးတေဇောနှင့် အကြောင်းခေါ်တ်ကိုသာလျှင်တေဇော နှင့်ယှဉ်၍နေသောခေါ်တ် ဟူ၍ခေါ်ရပြန်ပေ၏။

ထိုအကျိုးဝါယောနှင့် အကြောင်းခေါ်တ်ကိုသာလျှင် ဝါယော နှင့်ယှဉ်၍နေသောခေါ်တ်ဟူ၍ ခေါ်ရပြန်ပေ၏။

ဤသို့လျှင် ထိုအကြောင်းအကျိုး ဆက်စပ်မှုတွေကို ခြားနား စွာ ထပ်မံ၍နာမည်တပ်ပြီး သမုတ်၍ပေးရဦးမည်ဟု ဆိုခဲ့ပါလျှင်-

ပထဝီနှင့်ယှဉ်၍နေသော ခေါ်တ်ကတခြား။

အာပေါနှင့်ယှဉ်၍နေသော ခေါ်တ်ကတခြား။

တေဇောနှင့်ယှဉ်၍နေသောခေါ်တ်ကတခြား။

ဝါယောနှင့်ယှဉ်၍နေသော ခေါ်တ်ကတခြား။

ဒါကြောင့် ပထဝီနှင့်ယှဉ်၍နေသောစိတ်သည်လည်း အာ ပေါနှင့်ယှဉ်၍နေသော စိတ်မဟုတ်။

အာပေါနှင့်ယှဉ်၍နေသောစိတ်သည်လည်း တေဇောနှင့်ယှဉ် ၍နေသော စိတ်မဟုတ်။

တေဇောနှင့်ယှဉ်၍နေသော စိတ်သည်လည်း ဝါယောနှင့် ယှဉ်၍နေသောစိတ် မဟုတ်ပါကလားဟူ၍ ပိုင်းခြားကန့်သတ်စွာ ပကတိမျက်စိနဲ့ မမြင်မသိပါဘဲလျက်၊ ထိုးထွင်း၍ ဉာဏ်အမြင် ပညာအသိဖြင့် ထိုးဖောက်ပြီး သိရပါပေသောကြောင့်၊ ထိုအမြင် ထိုအသိမျိုးကိုမှ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဓါတု ပရိစ္ဆေဒဉာဏ်ဟု ဟောတော်မူခဲ့ပါပေ၏။

## ရုပ်ဖြစ်ပုံရှင်းတမ်း။

ထိုစိတ်တရားတွေ၏အထဲမှ ရုပ်လို့ဆိုတဲ့ ဖောက်ပြန်မှု သ ဘောတို့သည်၊ ထိုစိတ်တရားတွေနှင့်ပင် ယှဉ်လျက် အဘယ် ကြောင့် ထိုရုပ်လို့ဆိုတဲ့ ဖောက်ပြန်မှုသဘောတွေ ဖြစ်ပေါ်၍ လာရပါသနည်းဟုဆိုခဲ့ပါလျှင် ပထဝီစိတ်ဟုသမုတ်သော ပျော့ အောင် ဆောင်ပို့သည့်စိတ်နှင့် မာအောင်ဆောင်ပို့သည့် တွဲ ဖက်၍နေတဲ့စိတ်နှစ်ပါးသည်ကား- ကမ္ဘာကြီးတွေ ပျက်သည် ဖြစ်စေ-မပျက်သည်ဖြစ်စေ၊ သတ္တဝါတွေ ရှိသည်ဖြစ်စေ-မရှိသည် ဖြစ်စေ ထိုတွဲဖက်၍နေသော စိတ်နှစ်ပါးတို့သည် ဘယ်သောအ ခါ ဘယ်ကာလမှ မတွဲတတ်။

ထိုမတဲ့တတ်ဘူးလို့ ပြောသော ပျော့အောင် - မာအောင် ဆောင်ပို့တဲ့ ဓါတ်အကြောင်းနှစ်ခု တိုက်ခိုက်မှုကြောင့်သာလျှင် ထိုအကြားမှဖြစ်ပေါ်လာသည့်၊ဖေါက်ပြန်သော ပရမတ္ထအကျိုး သဘောမျှသက်သက်ကိုသာလျှင်၊ ပါဠိအလို အဖဘုရားက ရုပ်ဟူ၍ သမုတ်တော်မူခဲ့ပါ၏၊ ထို ပစ္စုပ္ပန် ဖြစ်ပေါ်၍ လာသော ဖေါက်ပြန်မှုသဘော သက်သက်ကိုပင် ပထဝီဓါတ်နှင့် ယှဉ်၍နေသောရုပ်ဟူ၍ သမုတ်ရပြန်ပေ၏။

ထိုနည်းတူစွာ ကျန်ရှိတဲ့ အာပေါဓါတ်နှင့်ယှဉ်၍နေသောရုပ်၊ တေဇောဓါတ်နှင့်ယှဉ်၍နေသောရုပ်၊ ဝါယောဓါတ်နှင့် ယှဉ်၍ နေသောရုပ်များကိုလည်း သဘောပေါက်စွာဖြင့် သိရှိလောက်ပေပြီ။

ထို့ကြောင့် ပထဝီဓါတ်နှင့်ယှဉ်၍နေသော ဖြစ်ပေါ်ခိုက်ရုပ်ကတခြား။

အာပေါဓါတ်နှင့်ယှဉ်၍နေသော ဖြစ်ပေါ်ခိုက်ရုပ်ကတခြား။

တေဇောဓါတ်နှင့်ယှဉ်၍နေသောဖြစ်ပေါ်ခိုက်ရုပ်ကတခြား။

ဝါယောဓါတ်နှင့်ယှဉ်၍နေသော ဖြစ်ပေါ်ခိုက်ရုပ်ကတခြား။

ဒါ့ကြောင့်- ပထဝီဓါတ်နှင့်ယှဉ်၍နေသော ဖြစ်ပေါ်ခိုက် ရုပ်သည်လည်း အာပေါဓါတ်နှင့်ယှဉ်၍နေသော ဖြစ်ပေါ်ခိုက်ရုပ် မဟုတ်။

အာပေါဓါတ်နှင့်ယှဉ်၍နေသော ဖြစ်ပေါ်ခိုက်ရုပ်သည်လည်း တေဇောဓါတ်နှင့်ယှဉ်၍နေသောဖြစ်ပေါ်ခိုက်ရုပ်မဟုတ်။

တေဇောဓါတ်နှင့်ယှဉ်၍နေသောဖြစ်ပေါ်ခိုက်ရုပ်သည်လည်း ဝါယောဓါတ်နှင့် ယှဉ်၍နေသော ဖြစ်ပေါ်ခိုက်ရုပ် မဟုတ်ဟူ၍

ထပ်မံပြီး ထိုဓါတ်တို့နှင့်ယှဉ်သော ဖြစ်ပေါ်ခိုက် ရုပ်တရားတွေကို ပိုင်းခြားကန့်သတ်ပြီး မြင်မှု သိမှုမျိုးကိုပင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက ရူပပရိစ္ဆေဒ အမြင်အသိဟူ၍ ထပ်မံပြီး ဟောတော်မူခဲ့ပြန်ပေ၏။

ထို့နောက်တဖန် ပြဆိုခဲ့ပြီးသော ပထဝီဓါတ်နှင့်မှီ၍နေသော ဖြစ်ပေါ်ခိုက်ရုပ်ပေါ်မှာ ထပ်မံပြီး မှီ၍နေသည့် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟုဆိုအပ်သော နာမ်ပစ္စည်းလေးပါး။

တဖန် အာပေါဓါတ်နှင့်မှီ၍နေသော ဖြစ်ပေါ်ခိုက်ရုပ်ပေါ်မှာ ထပ်မံပြီး မှီ၍နေသည့် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟု ဆိုရသော နာမ်ပစ္စည်း လေးပါး။

တဖန် တေဇောဓါတ်နှင့်မှီ၍နေသော ဖြစ်ပေါ်ခိုက်ရုပ်ပေါ်မှာ ထပ်မံပြီးမှီ၍နေသည့် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟု ဆိုရသော နာမ်ပစ္စည်း လေးပါး။

တဖန် ဝါယောဓါတ်နှင့်မှီ၍နေသော ဖြစ်ပေါ်ခိုက်ရုပ်ပေါ်မှာ ထပ်မံပြီးမှီ၍နေသည့် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟု ဆိုရသော နာမ်ပစ္စည်း လေးပါး။

ထိုအကြောင်းရုပ်တို့၏အပေါ်၌ မှီ၍နေကြကုန်သော အကျိုး နာမ်ပစ္စည်းလေးပါးတို့သည်၊ တပါးနှင့်တပါးမတူ တမူခြားနား စွာ ဖြစ်ပေါ်ကြလေ၏

အဘယ်ကဲ့သို့ဖြစ်ပေါ်၍ အဘယ်ကဲ့သို့ ခြားနားပါသနည်းဟု ဆိုရသော် ထိုပထဝီဓါတ်ရုပ်အကြောင်းပေါ်မှာမှီ၍ ဖြစ်ပေါ် သော အကျိုးနာမ်ပစ္စည်းလေးပါးကတခြား။

ထို့နောက် အာပေါဓါတ်ရုပ် အကြောင်းပေါ်မှာမှီ၍ ဖြစ် ပေါ်သော အကျိုးနာမ်ပစ္စည်းလေးပါးကတခြား။

ထို့နောက် တေဇောဓါတ်ရုပ် အကြောင်းပေါ်မှာမှီ၍ ဖြစ်ပေါ်သော အကျိုးနာမ်ပစ္စည်းလေးပါးကတခြား။

ထို့နောက် ဝါယောဓါတ်ရုပ် အကြောင်းပေါ်မှာမှီ၍ ဖြစ်ပေါ်သော အကျိုးနာမ်ပစ္စည်းလေးပါးကတခြား။

ဒါ့ကြောင့် ပထဝီဓါတ် ရုပ်အကြောင်းပေါ်မှာ မှီ၍ဖြစ်ပေါ်သည့် အကျိုးနာမ် ပစ္စည်းလေးပါးတို့သည် အာပေါဓါတ်ရုပ် အကြောင်းပေါ်မှာ မှီ၍ဖြစ်ပေါ်သော အကျိုးနာမ်ပစ္စည်းလေးပါးမဟုတ်။

ထိုအာပေါဓါတ်ရုပ် အကြောင်းပေါ်မှာမှီ၍ ဖြစ်ပေါ်သည့် အကျိုးနာမ်ပစ္စည်းလေးပါးတို့သည်လည်း တေဇောဓါတ်ရုပ် အကြောင်းပေါ်မှာမှီ၍ဖြစ်ပေါ်သော အကျိုးနာမ်ပစ္စည်းလေးပါးမဟုတ်။

ထိုတေဇောဓါတ်ရုပ် အကြောင်းပေါ်မှာမှီ၍ ဖြစ်ပေါ်သည့် အကျိုးနာမ်ပစ္စည်းလေးပါးတို့သည်လည်း ဝါယောဓါတ်ရုပ် အကြောင်းပေါ်မှာမှီ၍ဖြစ်ပေါ်သော အကျိုးနာမ် ပစ္စည်းလေးပါးမဟုတ်ပါကလားလို့ အဲဒီလိုနာမ်ပစ္စည်းတွေကို ပိုင်းခြား ကန့်သတ်ပြီး၊ အပြားအားဖြင့် ထိုးထွင်း၍ ထိုးဖေါက်၍ မြင်ကြ-သိကြမည်ဟု ဆိုခဲ့ပါလျှင်၊ ထိုအမြင် ထိုအသိမျိုးကိုပင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက နာမပရိစ္ဆေဒ အမြင်အသိဟူ၍ တဖန်ထပ်မံပြီး ဟောတော်မူခဲ့ပါပေသောကြောင့်-

ဓါတုပရိစ္ဆေဒ အမြင်အသိကတခြား၊ ရူပပရိစ္ဆေဒ အမြင်အသိကတခြား၊ နာမပရိစ္ဆေဒ အမြင်အသိကတခြားပါကလားလို့ မြင်ရ-သိရပြီးလျှင်၊ ကိုယ်တော်ကြီးတွေလိမ့်မပါ၊ ပုံပန်း

စာကြည့်တိုက်
ကမ္ဘာအေး
၉၄၀၄

သက္ကာန် ဃန အစိုင်အခဲတွေလဲမရှိ၊ အဖြူ-အနီ- အကြောင်- အကျား- အရောင်- အဆင်း- အလင်း- အရိပ်- နိမိတ်များတောင် သုဉ်းဆိတ်ပြီးသကာလ သေးငယ်လှစွာသော မှုံမွှားလှစွာသော ရထားမြူ ပရမာ အနုမြူလေးတခုကို အစိတ်ပေါင်း ကုဋေကုဋာစိတ်ပြလို့ရသော်လဲ၊ ဘယ်လိုမှ ဥပမာသာဓကနှင့်နှိုင်းယှဉ်ပြလို့မဖြစ်သော ခြောက်ပေါက် ခြောက်တံခါးတို့၌ မျက်တောင်တခတ်လျှပ်တပြက်လက်ဖြောက်တထွက်ကာလလေးမှာပင်

ထိုဓါတ်ဟုဆိုရသော အကြောင်းတွေကြောင့်၊ ပစ္စုပ္ပန်ဖြစ်ပေါ်၍လာသည့်ရုပ်အကျိုး၊ ထိုပစ္စုပ္ပန်ရုပ် အကြောင်းပေါ်မှာ တမုဟုတ်ခြင်း ဖြစ်ပေါ်၍လာသည့် ပစ္စုပ္ပန် နာမ်အကျိုးတွေကို တကယ်မြင် တကယ်သိကြပြီးလျှင် အရှုံခံသောအကြောင်းဆက် အကျိုးဆက်သဘော သက်သက်ပေါ်၌ နာမည်တပ်၍ သမုတ်ထားသည့် ဓါတ်·ရုပ်·နာမ်ဟု ဆိုထားသော သမုဋ္ဌာန်ချက်တွေကို ထိုးထွင်း၍ ထိုးဖေါက်၍ ထိုလေးနက်သည့် ခက်ခဲ နက်နဲသော ကြောင်းကျိုးသဘော ဓမ္မရသတွေကို ဝိပဿနာဉာဏ်ဖြင့် မြင်၍၊ ပညာဖြင့်သိခြင်းအားဖြင့် ဒိဋ္ဌဝိစိကိစ္ဆာ ကင်းကွာကြကုန်၏။

တဖန် ထိုကြောင်းကျိုးသဘောတို့၏ ဖြစ်ပျက်အစဉ်ကို မြင်ပြန်၍ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှုတွေကို ထပ်မံပြီး မြင်ရ သိရခြင်းကြောင့် သက္ကာယဒိဋ္ဌိနှင့် အတ္တဒိဋ္ဌိပါမကျန်၊ မိမိတို့၏စိတ်ထဲ၌ ကင်းကွာပြီး ပုံပြင်မှုကြောင့် ဖြစ်သော ကြောင်းကျိုးသဘောတို့မှ လွန်မြောက်၍ ပုံပြင်လို့ မဖြစ်သည့် အသခ်တသဘောသို့ အမှန်အတိုင်း ဆိုက်ရောက်ကြမှသာလျှင် ဝိပဿနာအလုပ်ဖြင့် အမြင်မှန်ရာရောက်ကြပေလိမ့်မည်။

ထို့အတွက်ကြောင့် ဤရေးသားပြသခဲ့ပြီးသော နှုးညှံ့ သိမ်မွေ့ ခက်ခဲနက်နဲပြီး၊ အရှုခံသည့် ဓမ္မအရသာ သဘောတွေကို၊ အရှုဉာဏ်ဖြစ်သော ဝိပဿနာ၏ အမြင်မှန်မှုအကျိုးသည် အခြားအကြောင်းကြောင့် မဟုတ်ပေ။ အရိယာသစ္စာထိုက်သော မဂ္ဂသစ္စာဟု ဆိုအပ်သော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အကြောင်းကြောင့် ဖြစ်ပေါ်၍လာသည့် အကျိုးဝိပဿနာ၏ အမြင်မှန်မှုပေတည်း။

ဒါ့ကြောင့် ဝိပဿနာဉာဏ်ဖြစ်စေခြင်းငှါ၊ တရားအလုပ်နှင့် အားထုတ်၍နေကြကုန်သော ယောဂီတိုင်းလိုလိုပင်၊ နိဗ္ဗာန် မဂ်ဖိုလ်အကျိုးငှါရအောင် ရောက်အောင် ပို့ဆောင်၍ပေးသော သီလသိက္ခာ၊ သမာဓိသိက္ခာ၊ပညာသိက္ခာဟု ဆိုအပ်သော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံအောင် ပွါးများပြီး၊ အားထုတ်ကြမှသာလျှင် နူးညံ့ သိမ်မွေ့ ခက်ခဲ နက်နဲသည့် အရှုခံဖြစ်သော ရုပ်နာမ် သဘောတို့၏ ဆက်စပ်နေသည်ကို၊ အမှန်မြင်သည့်၊ အရှုဉာဏ် ဖြစ်သော ဝိပဿနာပညာ ဖြစ်ရလေအောင်၊ ထိုအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာဟု ဆိုအပ်သော မဂ္ဂင်ရှစ်ပါးကိုသာလျှင် ဦးစွာပထမ ပြည့်စုံအောင် ပွါးများကြရမည် ဖြစ်၏။

အဘယ်ကဲ့သို့ ထိုအင်္ဂါရှစ်ပါးနှင့်ပြည့်စုံအောင် အဘယ်ကဲ့သို သောအသိဖြင့်၊ ပြည့်စုံအောင် ပွါးများအပ်ပါသနည်းဟု ဆိုရသော် မှန်ကန်သောအသိရှိမှသာလျှင် ပြည့်စုံအောင် ပွါးများ တတ်ကြကုန်ရာ၏။ ထိုမှန်ကန်သောအသိနှင့် အင်္ဂါရှစ်ပါး ပြည့်စုံ၍ မဂ်-ဖိုလ်-နိဗ္ဗာန်သို့ ရောက်အောင် ပို့ဆောင်နိုင်သည့် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာအစစ်ဖြစ်အောင် အဘယ်ကဲ့သို့ ပွါးများရမည်နည်းဟု ဆိုရသော်-

## သီလသိက္ခာဖြစ်အောင် ပြုဆိုခြင်း။

ဝစီနှုတ်ဖြင့် မည်သည့်စကားတွေကို ပြောဆိုကြသော်လည်း အမြင်အသိမရှိသောအခါမှစ၍ သုစရိုက်မှကင်းပြီး ဒုစရိုက် မကင်းသော လိမ်ဝါစကားကို ပြောဆိုခြင်းတပါး။ ဂုံးတိုက်ချောပစ်သောစကားတွေကို ပြောဆိုခြင်းတပါး။ ကြမ်းတမ်းယုတ်မာသောစကားတွေကို ပြောဆိုခြင်းတပါး။ အကျိုးမရှိ သိမ်ဖျင်းသေးနုတ်သောစကားတွေကို ပြောဆိုခြင်းတပါး။ ထိုသို့ ပြောဆိုသော ဒုစရိုက်မှမကင်းသော သိက္ခာပုဒ်မျိုးတို့မှသာလျှင် မိစ္ဆာဝါစာဖြစ်ခြင်းကြောင့်၊ ထိုမိစ္ဆာဝါစာဖြစ်သော စကားတို့ကို အသိအမြင်ရှိသောနေ့မှစ၍ ဘယ်သောအခါမှ မပြောမဆိုရလေအောင် ရှောင်ကြဉ်ပြီးသကာလ၊ လုံခြုံအောင်စောင့်ထိန်းထားခြင်းသည်သာလျှင်၊ သီလသိက္ခာထိုက်ခြင်းကြောင့် ထိုသီလသိက္ခာနှင့်ပြည့်စုံ၍ မိစ္ဆာဝါစာ မဖြစ်ကြမှသာလျှင် သီလသိက္ခာနှင့်ပြည့်စုံသော သမ္မာဝါစာမည်၏။

ထို့နောက် ကာယကံ ကိုယ်ဖြင့် မည်သည့်အမှုမျိုးကို ပြုစေကာမူ၊ အသိအမြင်မရှိသောအခါမှစ၍ သုစရိုက်မှကင်းပြီး၊ ဒုစရိုက်မှ မကင်းသော သူတပါး၏အသက်တွေကို သတ်ဖြတ်ခြင်းတပါး၊ သူတပါး၏ပစ္စည်းတွေကို မသိကွယ်ရာမှာ ခိုးယူခြင်းတပါး၊ သူတပါးတို့၏ လင်ရှိမယားတွေကို ပြစ်မှားကျူးလွန်ခြင်းတပါး၊ ထိုသို့ မကောင်းသောအမှုတို့ကိုပြုလုပ်သော သိက္ခာပုဒ်မျိုးတို့မှသာလျှင်၊ မိစ္ဆာကမ္မန္တ ဖြစ်ခြင်းကြောင့် ထိုမိစ္ဆာကမ္မန္တ ဖြစ်သောအမှုတို့ကို အသိအမြင်ရှိသောနေ့မှစ၍၊ ဘယ်

သောအခါမှ မပြုမလုပ်ရလေအောင် ရှောင်ကြဉ်ပြီးသကာလ လုံခြုံအောင် စောင့်ထိန်းထားခြင်းသည်သာလျှင် သီလသိက္ခာ ထိုက်ခြင်းကြောင့်၊ ထိုသီလသိက္ခာနှင့်ပြည့်စုံ၍ မိစ္ဆာကမ္မန္တ မဖြစ်ကြမှသာလျှင် သီလသိက္ခာနှင့် ပြည့်စုံသော သမ္မာကမ္မန္တ မည်၏။

ထိုနောက် မည်သည့်ပုဂ္ဂိုလ်မျိုးမဆို မိမိတို့၏ အသက်ရှည်သမျှ ကာလပတ်လုံး အသိအမြင်မရှိသောအခါမှစ၍၊ သုံးရိုက်မှုကင်းပြီး၊ ဒုစရိုက်မှုမကင်းသော ပြဆိုခဲ့ပြီးသည့်၊ ဝစီကံမှုဖြင့် ကျူးလွန်သော သိက္ခာပုဒ်နှင့်တကွ၊ ကာယကံမှုဖြင့် ကျူးလွန်သောသိက္ခာပုဒ်၊ ထိုသိက္ခာပုဒ်တို့ကို ကျူးလွန်ပြီး၊ မကောင်းသော အမှုတို့နှင့် အသက်မွေးသော ပုဂ္ဂိုလ်မျိုးတို့မှသာလျှင်၊ မိစ္ဆာဇီဝ ဖြစ်ခြင်းကြောင့် ထိုမိစ္ဆာဇီဝ ဖြစ်သော အမှုတို့ကို အသိအမြင်ရှိသောနေ့မှစ၍ အသက်ရှိသမျှကာလပတ်လုံး ထိုအမှုတို့ကို မပြုမလုပ်တော့ဘဲ ရှောင်ကြဉ်ပြီးသားဖြစ်ရုံသာမက လုံခြုံအောင် စောင့်ထိန်း၍ထားခြင်းသည်သာလျှင်၊ ထိုသီလသိက္ခာနှင့် ပြည့်စုံသည်ဖြစ်ခြင်းကြောင့်၊ ထိုသီလနှင့်ပြည့်စုံပြီး မိစ္ဆာဇီဝ မဖြစ်အောင် နေထိုင်၍ အသက်မွေးသော ပုဂ္ဂိုလ်မျိုးတို့မှသာလျှင် သီလသိက္ခာနှင့်ပြည့်စုံသော သမ္မာအာဇီဝ မည်ကြကုန်ရာ၏။

သီလသိက္ခာ ပြဆိုခန်း ပြီး၏။

## သမာဓိသိက္ခာဖြစ်အောင် ပြဆိုခြင်း။

ပြဆိုခဲ့ပြီးသည့် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟုဆိုအပ်သော အင်္ဂါတို့နှင့် လျော်ညီစွာ၊ သီလသိက္ခာနှင့် ပြည့်စုံခြင်းကြောင့်၊ ပြဆိုခဲ့ပြီးသော ဒုစရိုက်မှ ကင်းလွတ်ပြီး၊ ကောင်းသော သုစရိုက်နှင့်၊ ခြောက်ပေါက်၊ ခြောက်တံခါးတို့၌ မှီ၍ဖြစ်ပျက်နေသော သဘောအကြောင်းအကျိုးတို့ရဲ့ အပေါ်မှာ ကောင်းသောတည်ကြည်မှုအသိနှင့် ကောင်းသောရှေ့ရှုမှု သတိရှိရလေအောင်၊ ထာဝစဉ်ကောင်းစွာ အားထုတ်နေခြင်းသည်ပင် သမ္မာဝါယာမ မည်၏။

ထိုသို့ ခြောက်ပေါက် ခြောက်တံခါးတို့၏အပေါ်၌၊ မှီ၍ဖြစ်ပျက်နေသည့် သဘောအကြောင်းအကျိုးတွေရဲ့ အပေါ်၌ပင် ကောင်းစွာအားထုတ်ခြင်းနှင့်ပြည့်စုံပါက ထိုသဘောအကြောင်းအကျိုးတွေရဲ့အပေါ်မှာဘဲ မှန်ကန်သောရှေ့ရှုမှုဖြစ်၍လာ၏။ ထိုသို့မှန်ကန်သောရှေ့ရှုမှုသည်ပင် သမ္မာသတိမည်၏။

ဤသို့လျှင် ကောင်းစွာ အားထုတ်ခြင်းနှင့် ကောင်းသောသတိ ပြည့်စုံခြင်းကြောင့် ထိုခြောက်ပေါက် ခြောက်တံခါးတို့၏ အပေါ်၌၊ မှီ၍ဖြစ်ပျက်နေသော သဘောအကြောင်းအကျိုးတို့ရဲ့အပေါ်မှာပင်၊ ကောင်းစွာတည်ကြည်မှု အသိတခု ဖြစ်ပေါ်၍လာပြန်၏။ ထိုသို့ ကောင်းစွာတည်ကြည်သောအသိတခုသည်ပင် သမ္မာသမာဓိ မည်၏။

**သမာဓိသိက္ခာ ပြဆိုခန်း ပြီး၏။**

## ပညာသိက္ခာ ဖြစ်အောင် ပြဆိုခြင်း။

ပြဆိုခဲ့ပြီးသည့် သီလသိက္ခာ- သမာဓိသိက္ခာ - ဟုဆိုအပ်သော အင်္ဂါခြောက်ပါးနှင့် ပြည့်စုံပြီး၍၊ ထိုခြောက်ပေါက် ခြောက်တံခါးတို့ရဲ့အပေါ်၌၊ မှီ၍ဖြစ်ပျက်နေသောသဘော အကြောင်းအကျိုးတွေကို၊ ကောင်းစွာသိမြင်အောင်၊ ကောင်းစွာကျင့်ကြည့်ရှုနေခြင်းသည်ပင် သမ္မာသင်္ကပ္ပမည်၏။

ထိုသို့ပြဆိုခဲ့ပြီးသည်အသားလျော်ညီစွာ ပုံပန်းသဏ္ဌာန် - ဃန အစိုင် အခဲတွေနှင့်၊ အဖြူ- အနီ- အကြောင်- အကျား၊ အရောင်- အဆင်း- အလင်း- အငုပ်- နိမိတ်တွေကို ပကတိမျက်စိနှင့် မမြင် မသိတော့ဘဲ၊ ထိုပြဆိုခဲ့ပြီးသည့် ပြည့်စုံသောအင်္ဂါတို့နှင့် ကောင်းစွာကျင့်- ကောင်းစွာကြည့်နေခြင်းကြောင့်၊ ထိုခြောက်ပေါက်- ခြောက်တံခါးတို့ရဲ့အပေါ်၌မှီ၍ ဖြစ်ပျက်ပြီး နေကြကုန်သော၊ ရုပ်နာမ်ဟုဆိုအပ်သော အကြောင်းအကျိုးသဘော သက်သက်တွေကို၊ ကောင်းစွာ မြင်၍လာလေ၏၊ ထိုသို့သော ရုပ်နာမ်တရားတို့ကို ကောင်းစွာမြင်ခြင်းသည်ပင်လျှင် သမ္မာဒိဋ္ဌိဉာဏ်မည်၏။

ဒါ့ကြောင့် ဝိပဿနာအမြင်အသိဖြစ်အောင် ဘယ်လိုပင်အားထုတ်ကြသော်လဲ၊ သီလသိက္ခာမှ မပြည့်စုံခဲ့ပါလျှင် သမာဓိသိက္ခာ မဖြစ်နိုင်ပေ၊ ထိုသီလ- သမာဓိသိက္ခာနှစ်ပါးနှင့် မပြည့်စုံပြန်လျှင်လဲ ပညာသိက္ခာဘယ်သောအခါမှ မဖြစ်နိုင်ပေ၊ သီလနှင့်ပြည့်စုံပြီးမှသာလျှင် သမာဓိထူထောင်လို့ရရှိ၏၊ ထိုသီလ, သမာဓိ, သိက္ခာနှင့်ပြည့်စုံမှသာလျှင် ထပ်မံပြီး အားထုတ်မှ ပညာသိက္ခာ ဖြစ်နိုင်၏။ ပညာသိက္ခာပြဆိုခန်းပြီး၏။

သို့အတွက်ကြောင့် တရားအလုပ်နှင့် အားထုတ်နေကြကုန်သော ယောဂီတိုင်းလိုလိုပင် မိမိတို့၌ သီလသိက္ခာဖြင့် ပြည့်စုံ, မပြည့်စုံ,သမာဓိသိက္ခာဖြင့်ပြည့်စုံ,မပြည့်စုံ,ပညာသိက္ခာဖြင့် ပြည့်စုံ, မပြည့်စုံကို သိရှိနားလည်လောက်ခြင်းဖြင့် ထိုသီလ,သမာဓိ,ပညာသိက္ခာဟု ဆိုအပ်သော အင်္ဂါရှစ်ပါးနှင့် မပြည့်စုံ, ပြည့်စုံအောင်ပွားများ၍ အရှုခံဖြစ်သော ရုပ်နာမ်ဟုဆိုအပ်သော အကြောင်းအကျိုး သဘောတွေရဲ့ အပေါ်မှာ အရှုဉာဏ်ဖြစ်သည့် ဝိပဿနာအလုပ်ကိုထပ်မံ၍ ကြိုးကုတ်အားထုတ်နိုင်ကြမှသာလျှင် မိမိတို့အလိုရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်ရမည်ဖြစ်၏။

ထိုသို့ မဂ်ဖိုလ်နိဗ္ဗာန် အကျိုးအလို့ငှာ ဖြစ်စေတတ်သော ဝိပဿနာဉာဏ်ပညာ၏ အကြောင်းရင်းသည်ကား ဆိုလျှင်.... သီလသမာဓိ-ပညာသိက္ခာသုံးပါးတို့၏အကြောင်းရင်းပေတည်း။

ထိုအကြောင်းရင်းဖြစ်သော သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာတို့၏ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံကြမှသာလျှင် နိဗ္ဗာန်သို့ရောက်အောင် ပို့ဆောင်နိုင်သည့် မဂ္ဂင်ဖေါင်ကြီးမည်၏။ သို့မှသာလျှင် နိဗ္ဗာန်သို့ရောက်အောင်ပို့ပေးသည့် သီလသိက္ခာအစစ်ဖြစ်၏။ နိဗ္ဗာန်သို့ရောက်အောင်ပို့ပေးသည့် သမာဓိသိက္ခာအစစ်ဖြစ်၏။

နိဗ္ဗာန်သို့ရောက်အောင်ပို့ပေးသည့် ပညာသိက္ခာအစစ် ဖြစ်ရလေသောကြောင့် ထိုသိက္ခာသုံးပါးနှင့်တကွ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံပြီးသကာလ အရှုခံဖြစ်သော ရုပ်နာမ်ဟုဆိုအပ်သော အကြောင်းအကျိုးသဘောတွေကို အရှုဉာဏ်ဖြစ်အောင် ဝိပဿနာအလုပ်နှင့်တကွ ထိုရုပ်နာမ်တရားတွေကို မျက်စိပေါက်၌ သတိကပ်၍ စောင့်ထိန်းပြီး ကြည့်ရှုရခြင်း။

ထိုနည်းတူစွာ ကျန်သော နား, နှာ, လျှာ, ကာ, မနတို့၌လည်း မလစ်လပ်သော သတိဖြင့်ကပ်၍ ထာဝစဉ်စောင့်ထိန်းပြီး ကြည့်ရှုကြပါက အရှုခံဖြစ်သော ရုပ်နာမ်တို့၏ အကြောင်းအကျိုးသဘောတွေကို အရှုဉာဏ်ဖြစ်သည့် ဝိပဿနာဉာဏ်နှင့်မြင်၍ ပညာဖြင့်ထိုးဖေါက်ပြီး သိကြရမည်ဖြစ်၏။ ဝိပဿနာအမြင်ရှင်းတန်းပြီး၏။

## မျက်စိအကြည်ပေါ်၌ မှီ၍ဖြစ်သော ရုပ်ကိုရှုပုံ

ထိုသို့သော ထိုးထွင်း၍မြင်သည့် ဝိပဿနာဉာဏ်နှင့် ထိုးဖေါက်ပြီးသိသောပညာဖြင့် အရှုခံဖြစ်သည့် ရုပ်နမ်သဘောတို့သည် အဘယ်သို့သောအခါမှာ အဘယ်သို့သော အကြောင်းကြောင့်၊ အဘယ်သို့သော အပေါ်မှာမှီ၍ဖြစ်ပြီးသကာလ ပျက်ကုန်ကြပါသနည်းဟု ဆိုရသော်....မျက်စိ၏အထဲ၌ မှီ၍နေသည့်အခံခွာတ်တည်းဟူသော အကြည်သဘောလေးကို အတိုက်ခွာတ်တည်းဟူသော အဆင်းသဘောလေးကြောင့် ထိုမျက်စိ၏အထဲ၌မှီ၍နေသည့် အခံခွာတ်တည်းဟူသော အကြည်သဘောရဲ့အပေါ်မှာ တဖန်ထပ်မံပြီးမှီ၍ ပစ္စုပ္ပန် ဖေါက်ပြန်မှုသဘော ဖြစ်ပေါ်၍လာပြန်၏။

ထိုမှီပြီး ဖြစ်ပေါ်၍လာသော ဖေါက်ပြန်မှု သဘောမျှသက်သက်ကလေးကိုသာလျှင် အဖဘုရားက ပစ္စုပ္ပန်ရုပ်ဆိုတာဟာ အဲဒီဖေါက်ပြန်တဲ့ သဘောသက်သက်ကိုသာ ပြောတာပါဘဲလို့ဟောတော်မူခဲ့ပါပေ၏။

ထိုရုပ်လို့ဆိုတဲ့ ဖေါက်ပြန်မှုသဘောသက်သက်ပေါ်မှာ တ

ဖန်ထပ်မံ၍မှီးပြီး မြင်မှုသဘော ဖြစ်ပေါ်ရခြင်းကြောင့် ထို မြင်မှုသဘောသည်လည်း ရုပ်မဟုတ်ပေ၊ ထိုမြင်မှုအထဲ၌ ဖေါက်ပြန်မှုသဘောသက်သက်ကိုသာ ရုပ်ဟူ၍ အမှန်ယူအပ်၏။

ဒါ့ကြောင့်-မျက်စိက အကြောင်း၊ အကြည်က အကျိုး၊ အကြည်က အကြောင်း၊ ဖေါက်ပြန်မှုက အကျိုး၊ ဖေါက်ပြန်မှုက အကြောင်း၊ မြင်မှုက အကျိုးဟူ၍ တခုတခုတို့၏အပေါ်၌ မှီ၍ မှီ၍နေသည့် အကြောင်းအကျိုးသဘောတွေကို ပိုင်းခြား ကန့်သတ်ပြီး မြင်ကြ-သိကြမည်ဟု ဆိုခဲ့ပါလျှင်....

အဆင်းကတခြား၊ မျက်စိကတခြား၊ အကြည်သဘောကတခြား၊ ဖေါက်ပြန်မှုသဘောကတခြား၊ မြင်မှုသဘောကတခြား ပါလားလို့ လက်နှင့်ပင် ခွဲခွာ၍မရကြသော်လဲ စောင့်ထိန်းပြီး သတိကပ်၍ ဉာဏ်နှင့်ခွဲခွာပြီး ကြည့်နိုင်မှသာလျှင် အော်....တခုစီ-တခုစီပါကလားလို့ ပညာနှင့်အပြားအားဖြင့် ပိုင်းခြားကန့်သတ်ပြီး ထိုးထွင်း၍ သိအပ်ပါပေ၏။

ဤသို့ ပြဆိုခဲ့ပြီးသော မျက်စိသဘောရယ်၊ အကြည်သဘောရယ်၊ မြင်မှုသဘောရယ်၊ ထိုသဘောသုံးခုတို့သည် ရုပ်မဟုတ်ပေ၊ ရုပ်ဟူ၍မယူအပ်၊ မျက်စိ၏အကြည်ပေါ်၌ တဒင်္ဂအတွင်း ဖြစ်ပေါ်၍လာသည့် မြင်သဘောထဲမှ ဖေါက်ပြန်မှုသဘောမျှသက်သက်ကလေးကိုသာလျှင် ဝိပဿနာဉာဏ်နှင့်မြင်၍ ပညာဖြင့်သိအပ်သော ပစ္စုပ္ပန်ရုပ်ဟူ၍ သမုတ်အပ်ခြင်းကြောင့် ထိုရုပ်သည်သာလျှင် မြန်မာလို-မျက်စိ၊ ပါဠိလို-စက္ခု၊ မြန်မာလို-အကြည်၊ ပါဠိလို-ပသာဒ၊ မြန်မာလို-ဖေါက်ပြန်မှု၊ ပါဠိလို-ရုပ်၊ ဒါကြောင့် စက္ခုပသာဒပေါ်မှာ မှီပြီး တဒင်္ဂအတွင်း ဖြစ်ပေါ်၍လာသော ပစ္စုပ္ပန်ရုပ်ဟူ၍ ယူအပ်၏။

## နားအကြည်ပေါ်၌ မှီ၍နေသော ရုပ်ကိုရှုပုံ။

ထို့နောက်နား၏အထဲ၌မှီ၍နေသည့်အခံခေတ်တည်းဟူသော အကြည်သဘောလေးကို အတိုက်ခေတ်တည်းဟူသော အသံသဘောတို့ကြောင့် ထိုနား၏အထဲ၌မှီ၍နေသည့် အခံခေတ်တည်းဟူသော အကြည်သဘောရဲ့ အပေါ်မှာ တဖန် ထပ်မံပြီးမှီ၍ ပစ္စုပ္ပန်ဖေါက်ပြန်မှုသဘော ဖြစ်ပေါ်၍လာပြန်၏။

ထိုတခဏ်အတွင်း မှီပြီးဖြစ်ပေါ်၍လာသော ဖေါက်ပြန်မှုသဘောမျှ သက်သက်ကလေးကိုသာလျှင် အဖဘုရားက ပစ္စုပ္ပန်ရုပ်ဆိုတာဟာ အဲဒီဖေါက်ပြန်တဲ့သဘော သက်သက်ကလေးကိုသာ ပြောတာပါဘဲလို့ ဟောတော်မူခဲ့ပါပေ၏။

ထိုရုပ်လို့ဆိုတဲ့ ဖေါက်ပြန်မှုသဘော သက်သက်ပေါ်မှာ တဖန် ထပ်မံ၍ မှီပြီး ကြားမှုသဘော ဖြစ်ပေါ်ရခြင်းကြောင့်၊ ထိုကြားမှုသဘောသည်လည်း ရုပ်မဟုတ်ပေ၊ ထိုကြားမှု အထဲ၌ ဖေါက်ပြန်မှုသဘော သက်သက်ကိုသာ ရုပ်ဟူ၍ အမှန်ယူအပ်၏။

ဒါကြောင့် နားကအကြောင်း၊ အကြည်ကအကျိုး၊ အကြည်ကအကြောင်း ဖေါက်ပြန်မှုကအကျိုး၊ ဖေါက်ပြန်မှုကအကြောင်း ကြားမှုကအကျိုးဟူ၍ တခုတခုတို့၏အပေါ်၌ မှီ၍ မှီ၍ နေသည့်၊ ကြောင်းကျိုးသဘောတွေကို ပိုင်းခြားကန့်သတ်ပြီး၊ မြင်ကြ သိကြမည်ဟုဆိုခဲ့ပါလျှင်-

အသံကတခြား - နားကတခြား၊ အကြည်သဘောကတခြား- ဖေါက်ပြန်မှုသဘောကတခြား ကြားမှုသဘောကတခြားပါလား

လို့ လက်နှင့်ပင်ခွဲခွာ၍မရကြသော်လဲ၊စောင့်ထိန်းပြီး သတိကပ်၍ ဉာဏ်နှင့်ခွဲခွာပြီး ကြည့်နိုင်မှသာလျှင်၊ အော်....တခုစီတခုစီပါက လားလို့ ပညာနှင့်အပြားအားဖြင့် ပိုင်းခြားကန့်သတ်ပြီးထိုးထွင်း ၍ သိအပ်ပါပေ၏။

ဤသို့ပြဆိုခဲ့ပြီးသော နားသဘောရယ်- အကြည်သဘောရယ် ကြားသဘောရယ် ထိုသဘောသုံးခုတို့သည် ရုပ်မဟုတ်ပေ၊ ရုပ်ဟူ၍မယူအပ်၊ နား၏အကြည်ပေါ်၌ တဒင်္ဂအတွင်း ဖြစ်ပေါ်၍လာသည့်၊ ကြားသဘောတဲမှ ဖေါက်ပြန်မှုသဘောသက်သက်ကလေး ကိုသာလျှင်၊ ဝိပဿနာဉာဏ်နှင့်မြင်၍ ပညာဖြင့်သိအပ်သော ပစ္စုပ္ပန်ရုပ်ဟူ၍ သမုတ်အပ်ခြင်းကြောင့်၊ ထိုရုပ်သည်သာလျှင် မြန်မာလို နား- ပါဠိလို- သောတ၊ မြန်မာလိုအကြည်- ပါဠိလို- ပသာဒ၊ မြန်မာလို ဖေါက်ပြန်မှု- ပါဠိလို ရုပ်၊ ဒါ့ကြောင့် သော တပသာဒပေါ်မှာမှီပြီး တဒင်္ဂအတွင်း ဖြစ်ပေါ်၍လာဆဲ ပစ္စုပ္ပန် ရုပ်ဟူ၍ ယူအပ်၏။

## နားခေါင်းအကြည်ပေါ်၌ မှီ၍နေသောရုပ်ကိုရှုပုံ။

ထို့နောက်- နားခေါင်း၏အထဲ၌ မှီ၍နေသည့်၊ အခံဓါတ် တည်းဟူသော အကြည်သဘောလေးကို၊ အတိုက်ဓါတ် တည်းဟူ သော အနံ့သဘောတို့ကြောင့်၊ ထိုနားခေါင်း၏အထဲ၌ မှီ၍နေ သည့်၊ အခံဓါတ်တည်းဟူသော အကြည်သဘောရဲ့အပေါ်မှာ တဖန်ထပ်မံပြီးမှီ၍ ပစ္စုပ္ပန်ဖေါက်ပြန်မှုသဘော ဖြစ်ပေါ်၍လာ ပြန်၏။

ထိုတဒင်္ဂအတွင်း မှီပြီးဖြစ်ပေါ်၍လာသော၊ ဖေါက်ပြန်မှု သဘောမျှသက်သက်ကလေးကိုသာလျှင်၊ အဖဘုရားက၊ ပစ္စုပ္ပန်ရုပ် ထိုတာဟာ- အဲဒီဖေါက်ပြန်တဲ့ သဘောသက်သက်ကလေးကိုသာ ပြောတာပါဘဲလို့ ဟောတော်မူခဲ့ပါပေ၏။

ထိုရုပ်လို့ဆိုတဲ့- ဖေါက်ပြန်မှု သဘောသက်သက်ပေါ်မှာ၊ တဖန် တပ်မံ၍မှီပြီး နှံမှုသဘော ဖြစ်ပေါ်ရခြင်းကြောင့်၊ ထိုနှံမှု သဘောသည်လည်းရုပ်မဟုတ်ပေ၊ ထိုနှံမှုအထဲ၌ ဖေါက်ပြန်မှု သဘောသက်သက်ကိုသာ ရုပ်ဟူ၍အမှန်ယူအပ်၏။

ဒါ့ကြောင့်- နှာခေါင်းက အကြောင်း၊ အကြည်က အကျိုး၊ အကြည်ကအကြောင်း၊ ဖေါက်ပြန်မှုက အကျိုး၊ ဖေါက်ပြန်မှုက အကြောင်း နှံမှုကအကျိုးဟူ၍ တခုတခုတို့၏အပေါ်၌ မှီ၍ မှီ၍ နေသည့် ကြောင်းကျိုးသဘောတွေကို၊ ပိုင်းခြား ကန့်သတ်ပြီး မြင်ကြသိကြမည်ဟု ဆိုခဲ့ပါလျှင်-

အနံ့ကတခြား၊ နှာခေါင်းကတခြား၊ အကြည်သဘောက တခြား၊ ဖေါက်ပြန်မှုသဘောကတခြား၊ နှံမှုသဘောကတခြား ပါလားလို့ လက်နှင့်ပင်ခွဲခွါ၍ မရကြသော်လဲ ခေါင့်ထိန်းပြီး သတိကပ်၍ ဉာဏ်နှင့်ခွဲခွါပြီး ကြည့်နိုင်မှသာလျှင် အော်....တခုစီ ဘခုစီပါကလားလို့ ပညာနှင့် အပြားအားဖြင့် ပိုင်းခြား ကန့် သတ်ပြီး ထိုးထွင်း၍သိအပ်ပါပေ၏။

ဤသို့ ပြဆိုခဲ့ပြီးသော နှာခေါင်းသဘောရယ်၊ အကြည် သဘောရယ်၊ နံသဘောရယ်၊ ထိုသဘောသုံးခုတို့သည် ရုပ်ဟု တ်ပေ၊ ရုပ်ဟူ၍ မယူအပ်။ နှာခေါင်း၏အကြည်ပေါ်၌ တ ဒင်္ဂအတွင်း ဖြစ်ပေါ်၍လာသည့် နံသဘောထဲမှ ဖေါက်ပြန်မှု

သဘောမျှသက်သက်ကလေးကိုသာလျှင် ဝိပဿနာဉာဏ်နှင့်မြင်၍ ပညာဖြင့်သိအပ်သော ပရမတ္ထရုပ်ဟူ၍ သမုတ်အပ်ခြင်းကြောင့် ထိုရုပ်သည်သာလျှင် မြန်မာလို နာခေါင်း၊ ပါဠိလို ဃာန၊ မြန်မာလို အကြည်၊ ပါဠိလို ပသာဒ၊ မြန်မာလို ဖေါက်ပြန်မှု၊ ပါဠိလို ရုပ်။ ဒါကြောင့် ဃာန၊ ပသာဒပေါ်မှာမှီပြီး တဒင်္ဂအတွင်းဖြစ်ပေါ်ရှိလာဆဲ ပစ္စုပ္ပန်ရုပ်ဟူ၍ ယူအပ်၏။

## လျှာအကြည်ပေါ်၌ မှီရှိနေသောရုပ်ကိုရှုပုံ။

ထို့နောက် လျှာ၏အထဲ၌ မှီရှိနေသည့် အခံဓာတ်တည်းဟူသော အကြည်သဘောလေးကို အတိုက်ဓာတ်တည်းဟူသော လျက်သဘောတို့ကြောင့် ထိုလျှာ၏အထဲ၌ မှီရှိနေသည့် အခံဓာတ်တည်းဟူသော အကြည်သဘောရဲ့အပေါ်မှာ တဖန် ထပ်မံပြီးမှီ၍ ပစ္စုပ္ပန်ဖေါက်ပြန်မှုသဘော ဖြစ်ပေါ်ရှိလာပြန်၏။

ထိုတဒင်္ဂအတွင်းမှီပြီး ဖြစ်ပေါ်ရှိလာသော ဖေါက်ပြန်မှုသဘောမျှသက်သက်ကလေးကိုသာလျှင် အဖဘုရားက ပစ္စုပ္ပန်ရုပ်ဆိုတာဟာ အဲဒီဖေါက်ပြန်တဲ့ သဘောသက်သက်ကလေးကိုသာ ပြောတာပါဘဲလို့ ဟောတော်မူခဲ့ပါပေ၏။

ထိုရုပ်လို့ဆိုတဲ့ ဖေါက်ပြန်မှု သဘောသက်သက်ပေါ်မှာ တဖန်ထပ်မံ၍မှီပြီး ရသ သဘောဖြစ်ပေါ်ရခြင်းကြောင့် ထိုရသသဘောသည်လည်း ရုပ်မဟုတ်ပေ၊ ထိုရသ၏အထဲ၌ ဖေါက်ပြန်မှုသဘောသက်သက်ကိုသာ ရုပ်ဟူ၍ အမှန်ယူအပ်၏။

ဒါ့ကြောင့် လျှာကအကြောင်း၊ အကြည်ကအကျိုး၊ အကြည်ကအကြောင်း၊ ဖေါက်ပြန်မှုက အကျိုး၊ ဖေါက်ပြန်မှုက အကြောင်း၊ ရသ က အကျိုးဟူ၍ တခုတခုတို့၏အပေါ်၌ မှီ၍ မှီ၍နေသည့် ကြောင်းကျိုးသဘောတွေကို ပိုင်းခြားကန့်သတ်ပြီး မြင်ကြသိကြမည်ဟု ဆိုခဲ့ပါလျှင်—

လျှက်စရာကတခြား၊ လျှာကတခြား၊ အကြည်သဘောက တခြား၊ ဖေါက်ပြန်မှုသဘောကတခြား၊ ရသသဘောကတခြားပါ လားလို့ လက်နှင့်ပင်ခွဲခွါ၍မရကြသော်လဲ စောင့်ထိန်းပြီး သတိ ကပ်၍ ဉာဏ်နှင့်ခွဲခွါပြီး ကြည့်နိုင်မှသာလျှင် အော်....တခုစီ တခုစီပါကလားလို့ ပညာနှင့် အပြားအားဖြင့် ပိုင်းခြား ကန့် သတ်ပြီး ထိုးထွင်း၍ သိအပ်ပါပေ၏။

ဤသို့ ပြဆိုခဲ့ပြီးသော လျှာသဘောရယ်၊ အကြည်သဘော ရယ်၊ ရသ သဘောရယ် ထိုသဘော သုံးခုတို့သည် ရုပ်မဟုတ် ပေ၊ ရုပ်ဟူ၍ မယူအပ်။ လျှာ၏အကြည်ပေါ်၌ တဒင်္ဂအတွင်း ဖြစ်ပေါ်၍လာသည့် ရသ သဘောထဲမှ ဖေါက်ပြန်မှုသဘောမျှ သက်သက်ကလေးကိုသာလျှင် ဝိပဿနာဉာဏ်နှင့်မြင်၍ ပညာ ဖြင့် သိအပ်သော ပစ္စုပ္ပန်ရုပ်ဟူ၍ သမုတ်အပ်ခြင်းကြောင့် ထို ရုပ်သည်သာလျှင် မြန်မာလို လျှာ၊ ပါဠိလို ဇိဝှါ၊ မြန်မာလို အကြည်၊ ပါဠိလို ပသာဒ၊ မြန်မာလို ဖေါက်ပြန်မှု၊ ပါဠိလို ရုပ်၊ ဒါ့ကြောင့် ဇိဝှါ၊ ပသာဒ ပေါ်မှာမှီပြီး တဒင်္ဂအတွင်း ဖြစ်ပေါ်၍လာသဲ ပစ္စုပ္ပန်ရုပ်ဟူ၍ ယူအပ်၏။

## ကိုယ်အကြည်ပေါ်၌ မှီ၍ဖြစ်သော ရုပ်ကိုရှုပုံ

ထို့နောက် ကာယလို့ဆိုတဲ့ ကိုယ်၏အထဲ၌ မှီ၍နေသည့် အခံ ခါတ်တည်းဟူသော အကြည်သဘောလေးကို အတိုက်ခါတ် တည်းဟူသော ထိစရာသဘောတို့ကြောင့် ထိုကာယလို့ဆိုတဲ့ ကိုယ်၏အထဲ၌ မှီ၍နေသည့် အခံခါတ်တည်းဟူသော အကြည် သဘောရဲ့အပေါ်မှာ တဖန်ထပ်မံပြီး မှီ၍ ထိမှုသဘောတခု ဖြစ်ပေါ်၍လာပြန်၏။ ထိထိသဘောတခုကြောင့် ထိပြီးမှ ထိုထိ သဘောတခုထဲ၌ တဖန်မှီပြီး ဖေါက်ပြန်မှုသဘောတခု ဖြစ်ပေါ် ၍လာပြန်၏။ ထိုဖေါက်ပြန်မှုသဘောကိုသာလျှင် အဖဘုရားက ပစ္စုပ္ပန်ရုပ်ဆိုတာဟာ အဲဒီဖေါက်ပြန်တဲ့ သဘောသက်သက်က လေးကိုသာ ပြောတာပါဘဲလို့ ဟောတော်မူခဲ့ပါပေ၏။

ထိုရုပ်လို့ဆိုတဲ့ ဖေါက်ပြန်မှုသဘောနှင့်ယှဉ်ပြီး မှီ၍နေသော ထိုထိမှုသဘောသည် ရုပ်မဟုတ်ပေ၊ ထိုထိမှုအထဲ၌ ဖေါက်ပြန်မှု သဘောသက်သက်ကိုသာ ရုပ်ဟူ၍ အမှန်ယူအပ်၏။

ဒါ့ကြောင့် ကာယလို့ဆိုတဲ့ ကိုယ်ကအကြောင်း၊ အကြည် ကအကျိုး၊ အကြည်ကအကြောင်း၊ ထိမှုကအကျိုး၊ ထိမှုကအ ကြောင်း၊ ဖေါက်ပြန်မှုကအကျိုးဟူ၍ တခုတခုတို့၏ အပေါ်၌ မှီ၍မှီ၍နေသည့် ကြောင်းကျိုးသဘောတွေကို ပိုင်းခြားကန့်သတ် ပြီး မြင်ကြ သိကြမည်ဟု ဆိုခဲ့ပါလျှင်....

ထိစရာကတခြား- ကာယလို့ဆိုတဲ့ ကိုယ်ကတခြား၊ အကြည် သဘောကတခြား၊ ထိမှုသဘောကတခြား၊ ဖေါက်ပြန်မှု သဘောကတခြားပါလားလို့ လက်နှင့်ပင်ခွဲခွါ၍ မချကြသေးလဲ စောင့်ထိန်းပြီး သတိကပ်၍ ဉာဏ်နှင့်ခွဲခွါပြီး ကြည့်နိုင်မှသာလျှင် အော်....တခုစီ တခုစီပါကလားလို့ ပညာနှင့် အပြားအားဖြင့် ပိုင်းခြားကန့်သတ်ပြီး ထိုးထွင်း၍သိအပ်ပါပေ၏။

ဤသို့ပြဆိုခဲ့ပြီးသော ကာယသဘောရယ်၊ အကြည်သဘောရယ်၊ ထိသဘောရယ်၊ ထိုသဘောသုံးခုတို့သည် ရုပ်မဟုတ်ပေ၊ ရုပ်ဟူ၍မယူအပ်။ ကာယ၏အကြည်ပေါ်၌ တဒင်္ဂအတွင်း ဖြစ်ပေါ်၍လာသည့် ထိသဘောထဲမှ ဖေါက်ပြန်မှု သဘောမျှ သက်သက်ကလေးကိုသာလျှင် ဝိပဿနာဉာဏ်နှင့်မြင်၍ ပညာဖြင့်သိအပ်သော ပစ္စုပ္ပန်ရုပ်ဟူ၍ သမုတ်အပ်ခြင်းကြောင့် ထိုရုပ်သည်သာလျှင် မြန်မာလို ကိုယ်၊ ပါဠိလို ကာယ၊ မြန်မာလို အကြည်၊ ပါဠိလို ပသာဒ၊ မြန်မာလို ဖေါက်ပြန်မှု၊ ပါဠိလို ရုပ်၊ ဒါကြောင့် ကာယ ပသာဒပေါ်မှာမှီပြီး တဒင်္ဂအတွင်း ဖြစ်ပေါ်၍လာသဲ ပစ္စုပ္ပန်ရုပ်ဟူ၍ ယူအပ်၏။

## မနောအကြည်ပေါ်၌ မှီ၍နေသော ရုပ်ကိုရှုပုံ။

ထိုမနော၏အကြည်ပေါ်၌ မှီ၍နေသော ရုပ်ဟူသည်ကား တခြားမဟုတ်ပေ၊ ပြဆိုခဲ့ပြီးသည့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကာယဟု ဆိုအပ်သော ပစ္စည်းတွေနှင့် မနောအကြည်တို့သည်

အချင်းချင်း မရောမယှက် ပစ္စည်းချင်း မဆက်စပ်ကြသော်လည်း ထိုမနောအကြည်၏အထဲမှာ နဂိုမူလ ပဋိသန္ဓေတည်ခါစကပင် ဖြစ်ချုပ် ဖြစ်ချုပ်နှင့်နေသော ဖေါက်ပြန်မှု သဘောသက်သက်ကိုသာလျှင် ရုပ်ဟူ၍ခေါ်ရခြင်းကြောင့် ထိုရုပ်သည်သာလျှင် မနော၏အကြည်ပေါ်၌ မှီ၍ဖြစ်ပေါ်ဆဲ ပစ္စုပ္ပန်ရုပ်ဟူ၍ ယူအပ်၏။

ဒါ့ကြောင့် မျက်စိ၏အကြည်ပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲရုပ်ကတခြား၊ နား၏အကြည်ပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲရုပ်ကတခြား၊ နှာခေါင်း၏အကြည်ပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲရုပ်ကတခြား၊ လျှာ၏အကြည်ပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲရုပ်ကတခြား၊ ကိုယ်၏အကြည်ပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲရုပ်ကတခြား၊ မနော၏ အကြည်ပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ ရုပ်ကတခြားပါကလားလို့ ဝိပဿနာဉာဏ်နှင့်မြင်ပြီး ပညာဖြင့်ထိုးထွင်း၍ မှီရာတည်ရာတို့ကို သိကြသော်လဲ....

အော်....မျက်စိအကြည်ပေါ်၌မှီ၍နေသော ဖြစ်ပေါ်ဆဲ ရုပ်သည်လည်း နား၏အကြည်ပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲရုပ်မဟုတ်။

ထိုနား၏အကြည်ပေါ်၌ မှီ၍နေသော ဖြစ်ပေါ်ဆဲ ရုပ်သည်လည်း နှာခေါင်း၏ အကြည်ပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲရုပ်မဟုတ်။

ထိုနှာခေါင်း၏ အကြည်ပေါ်၌ မှီ၍နေသော ဖြစ်ပေါ်ဆဲရုပ်သည်လည်း လျှာ၏အကြည်ပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ ရုပ်မဟုတ်။

ထိုလျှာ၏အကြည်ပေါ်၌ မှီ၍နေသော ဖြစ်ပေါ်ဆဲ ရုပ်သည်လည်း ကိုယ်၏အကြည်ပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ ရုပ်မဟုတ်။

ထိုကိုယ်၏ အကြည်ပေါ်၌မှီ၍နေသော ဖြစ်ပေါ်ဆဲရုပ်သည်လည်း မနော၏အကြည်ပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ ရုပ်မဟုတ်ပါကလားဟူ၍ ပိုင်းခြားကန့်သတ်စွာ မြင်ရသိရပြီးသည့်နောက် ထိုရုပ်တို့နှင့်ယှဉ်၍ ဖြစ်ပေါ်ဆဲ ဝိညာဉ်တို့ကိုလည်း ဆက်လက်၍ ပြဦးမည်ဖြစ်၏။

## မနောအကြည်ပေါ်၌မှီ၍နေသော ဝိညာဉ်တို့ကို တဖန် ပြဆိုခြင်း။

ထိုသို့ပြဆိုခဲ့ပြီးသည့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကာယဟု ဆိုအပ်သော ဒွါရငါးပေါက်တို့တွင် မျက်စိပေါ်၌ မှီ၍ဖြစ်ပေါ်ဆဲ ရုပ်နှင့် အကြောင်းအကျိုးသဘောတွေကိုတော့ စာအလိုဆိုလျှင် တရားဟုခေါ်၏။ ပါဠိအလို ဆိုရလျှင် ဓမ္မဟု ခေါ်ဆိုရခြင်းကြောင့်၊ ထိုအပြင်ဘက်မှ မျက်စိပေါ်မှာမှီ၍နေသည့် ရုပ်ဓမ္မနှင့်တကွ အတွင်းထဲက မနောအကြည်ထပ်မံ၍ အကြောင်းနှစ်ခုပစ္စည်းဆက်စပ်မှုကြောင့် မနော၏ အကြည်ပေါ်၌မှီပြီး သိသဘောဘာခု ဖြစ်ပေါ်၍ လာရပြန်ပေ၏။

ဒါ့ကြောင့် ထိုသိမှုသဘောကိုတော့ ဝိညာဏ်ဟု ခေါ်ဆိုရပြန်၍ ထိုဝိညာဏ်တို့သည် မျက်စိ၏ ရုပ်ဓမ္မကြောင့်သာလျှင် မနောအကြည်ပေါ်၌မှီ၍ ဖြစ်ပေါ်ဆဲ ဝိညာဏ်များသာဖြစ်၏။

ထို့နောက် ပြဆိုခဲ့ပြီးသည့် နား၌မှီ၍ ဖြစ်ပေါ်ဆဲရုပ်နှင့် အကြောင်းအကျိုးသဘောတွေကိုတော့ စာအလိုဆိုလျှင် တရားဟုခေါ်၏။ ပါဠိအလိုဆိုရလျှင် ဓမ္မဟု ခေါ်ဆိုရခြင်းကြောင့် ထိုအပြင်ဘက်မှ နားပေါ်မှာမှီနေသည့် ရုပ်ဓမ္မနှင့်တကွ အတွင်းထဲက မနောအကြည်ထပ်မံ၍ အကြောင်းနှစ်ခု ပစ္စည်းဆက်စပ်မှုကြောင့် မနော၏အကြည်ပေါ်၌ မှီပြီး၊ သိသဘောတခု ဖြစ်ပေါ်၍လာရပြန်ပေ၏။ ဒါ့ကြောင့် ထိုသိမှုသဘောကိုတော့ ဝိညာဏ်ဟု ခေါ်ရပြန်၏။ ထိုဝိညာဏ်တို့သည် နား၏ ရုပ်ဓမ္မကြောင့်သာလျှင် မနောအကြည်ပေါ်၌ မှီ၍ဖြစ်ပေါ်ဆဲဝိညာဏ်များသာ ဖြစ်၏။

ထို့နောက် ပြဆိုခဲ့ပြီးသည့် နှာခေါင်း၌မှီ၍ ဖြစ်ပေါ်ဆဲရုပ်နှင့် အကြောင်းအကျိုးသဘောတွေကိုတော့ စာအလို ဆိုရလျှင် တရားဟုခေါ်၏။ ပါဠိအလိုဆိုရလျှင် ဓမ္မဟု ဆိုရခြင်းကြောင့် ထိုအပြင်ဘက်မှ နှာခေါင်းပေါ်မှာ မှီနေသည့် ရုပ်ဓမ္မနှင့်တကွ အတွင်းထဲက မနောအကြည်ထပ်မံ၍ အကြောင်းနှစ်ခု ပစ္စည်းဆက်စပ်မှုကြောင့် မနော၏အကြည်ပေါ်၌မှီပြီး သိသဘောတခု ဖြစ်ပေါ်၍ လာရပြန်ပေ၏။ ဒါ့ကြောင့် ထိုသိမှုသဘောကိုတော့ ဝိညာဏ်ဟုခေါ်ရပြန်၏။ ထိုဝိညာဏ်တို့သည် နှာခေါင်း၏ ရုပ်ဓမ္မကြောင့်သာလျှင် မနောအကြည်ပေါ်၌ မှီ၍ဖြစ်ပေါ်လာဆဲ ဝိညာဏ်များသာ ဖြစ်၏။

ထို့နောက် ပြဆိုခဲ့ပြီးသည့် လျှာ၌မှီ၍ဖြစ်ပေါ်ဆဲရုပ်နှင့် အကြောင်းအကျိုးသဘောတွေကိုတော့ စာအလိုဆိုလျှင် တရားဟုခေါ်၏။ ပါဠိအလိုဆိုရလျှင် ဓမ္မဟု ခေါ်ဆိုရခြင်းကြောင့် ထို

အပြင်ဘက်မှ လျှာပေါ်မှာမှီနေသည့် ရုပ်ဓမ္မနှင့်တကွ အတွင်းထဲက မနောအကြည်ထပ်မံ၍ အကြောင်းနှစ်ခု ပစ္စည်းဆက်စပ်မှုကြောင့် မနောဓါတ်အကြည်ပေါ်၌မှီပြီး သိသဘောတခု ဖြစ်ပေါ်၍လာရပြန်ပေ၏။ ဒါကြောင့် ထိုသိမှုသဘောကိုတော့ ဝိညာဏ်ဟု ခေါ်ရပြန်၏။ ထိုဝိညာဏ်တို့သည် လျှာ၏ ရုပ်ဓမ္မကြောင့်သာလျှင် မနောအကြည်ပေါ်၌ မှီ၍ ဖြစ်ပေါ်လာသဲဝိညာဏ်များသာ ဖြစ်၏။

ထို့နောက် ပြဆိုခဲ့ပြီးသည့် ကာယ၌မှီ၍ ဖြစ်ပေါ်သဲရုပ်နှင့်အကြောင်းအကျိုးသဘောတွေကိုတော့ စာအလိုဆိုလျှင် တရားဟု ခေါ်၏။ ပါဠိအလို ဆိုရလျှင် ဓမ္မဟု ခေါ်ဆိုရခြင်းကြောင့် ထိုအပြင်ဘက်မှ ကာယပေါ်မှာ မှီနေသည့် ရုပ်ဓမ္မနှင့်တကွ အတွင်းထဲက မနောအကြည်ထပ်မံ၍ အကြောင်းနှစ်ခု ပစ္စည်းဆက်စပ်မှုကြောင့် မနော၏အကြည်ပေါ်၌မှီပြီး သိသဘောတခု ဖြစ်ပေါ်၍ လာရပြန်ပေ၏။ ဒါကြောင့် ထိုသိမှု သဘောကိုတော့ ဝိညာဏ်ဟု ခေါ်ရပြန်၏။ ထိုဝိညာဏ်တို့သည် ကာယရုပ်ဓမ္မကြောင့်သာလျှင် မနောအကြည်ပေါ်၌မှီ၍ ဖြစ်ပေါ်လာသဲ ဝိညာဏ်များသာ ဖြစ်၏။

ထို့နောက် ပြဆိုခဲ့ပြီးသည့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကာယတို့၏ အပေါ်၌ မှီ၍နေတဲ့ရုပ်ဓမ္မဟု ဆိုအပ်သော ကြောင်းကျိုးသဘောတို့နှင့် မနောအကြည်တို့သည် အချင်းချင်း ပစ္စည်းမဆက်စပ်ကြသော်လဲ ထိုမနောအကြည်၏အထဲမှာ မူလကပင်ပေါက်ပြန်မှုသဘောသက်သက်ရှိ၏။

ထိုဖေါက်ပြန်မှု၏အပေါ်၌ တဖန် မူလကပင် မှီ၍နေသော သိသဘောမျှသက်သက်သည် မှီ၍နေ၏။

ထိုရုပ်နှင့်ထိုဝိညာဏ်တို့သည် ပဋိသန္ဓေတည်ခါစ၌ပင် ဖြစ်ချုပ် ဖြစ်ချုပ်နှင့်နေခြင်းကြောင့် ထိုရုပ်နှင့် ထိုဝိညာဏ်ကိုသာလျှင် မူလမနောအကြည်ပေါ်၌မှီ၍ ဖြစ်ပေါ်နေသဲ ရုပ်ဝိညာဏ်ဟု ယူအပ်၏။

ဒါကြောင့် မနောအကြည်ထဲ၌ မူလကပင် မှီ၍နေသော ရုပ်ဝိညာဏ်ဘတခြား။

ထို့နောက် မျက်စိ၏ ရုပ်ဓမ္မကြောင့် မနောအကြည်ထဲ၌ ဖြစ်ပေါ်၍လာသော ဝိညာဏ်ကတခြား။

ထို့နောက် နား၏ရုပ်ဓမ္မကြောင့် မနောအကြည်ထဲ၌ ဖြစ်ပေါ်၍လာသော ဝိညာဏ်ကတခြား။

ထို့နောက် နှာခေါင်း၏ရုပ်ဓမ္မကြောင့် မနောအကြည်ထဲ၌ ဖြစ်ပေါ်၍လာသော ဝိညာဏ်ကတခြား။

ထို့နောက် လျှာ၏ဓမ္မကြောင့် မနောအကြည်ထဲ၌ ဖြစ်ပေါ်၍လာသော ဝိညာဏ်ကတခြား။

ထို့နောက် ကာယ၏ ရုပ်ဓမ္မကြောင့် မနောအကြည်ထဲ၌ ဖြစ်ပေါ်၍လာသော ဝိညာဏ်ကတခြား။

ဤသို့လျှင် မနောအကြည်တခုထဲ၌ပင် ထိုဝိညာဏ်တွေကို ပိုင်းခြားကန့်သတ်စွာ ရေးသား၍ ပြသထားသော်လည်း မနောအကြည်ထဲ၌ မူလကပင် မှီ၍နေသော ရုပ်ဝိညာဏ်တို့သည် မျက်စိ၏ရုပ်ဓမ္မကြောင့် မနောအကြည်ထဲ၌ ဖြစ်ပေါ်၍လာသည့် ဝိညာဏ်မဟုတ်ပေ။

ထိုမျက်စိ၏ ရုပ်ဓမ္မကြောင့် မနေ့အကြည်ထဲ၌ ဖြစ်ပေါ်၍ လာကြသော ဝိညာဏ်တို့သည်လည်း နား၏ရုပ်ဓမ္မကြောင့် မနေ့အကြည်ထဲ၌ ဖြစ်ပေါ်၍လာသည့် ဝိညာဏ်မဟုတ်ပေ။

ထိုနား၏ ရုပ်ဓမ္မကြောင့် မနေ့အကြည်ထဲ၌ ဖြစ်ပေါ်၍ လာကြသော ဝိညာဏ်တို့သည်လည်း နှာခေါင်း၏ရုပ်ဓမ္မကြောင့် မနေ့အကြည်ထဲ၌ ဖြစ်ပေါ်၍လာသည့် ဝိညာဏ်မဟုတ်ပေ။

ထိုနှာခေါင်း၏ ရုပ်ဓမ္မကြောင့် မနေ့အကြည်ထဲ၌ ဖြစ်ပေါ်၍ လာကြသော ဝိညာဏ်တို့သည်လည်း လျှာ၏ရုပ်ဓမ္မကြောင့် မနေ့အကြည်ထဲ၌ ဖြစ်ပေါ်၍လာသည့် ဝိညာဏ်မဟုတ်ပေ။

ထိုလျှာ၏ ရုပ်ဓမ္မကြောင့် မနေ့အကြည်ထဲ၌ ဖြစ်ပေါ်၍ လာသော ဝိညာဏ်တို့သည်လည်း ကာယ၏ ရုပ်ဓမ္မကြောင့် မနေ့အကြည်ထဲ၌ ဖြစ်ပေါ်၍လာသည့် ဝိညာဏ် မဟုတ်ပါက လားဟူ၍ ပိုင်းခြားကန့်သတ်ပြီး ဝိပဿနာဉာဏ်အမြင် ပညာအသိနှင့် ပြည့်စုံပြီးသော ပုဂ္ဂိုလ်တို့မှသာလျှင် ထိုဝိညာဏ်တို့၏ မှိုပုံ တည်ပုံနှင့်တကွ လျှင်မြန် ဖြတ်လတ်စွာ ဆက်စပ်နေသည့် ဓမ္မအရသာ သဘောတွေကို ကောင်းစွာမြင်၍ ကောင်းစွာ သိနိုင်ကြပေလိမ့်မည်။

သို့အတွက်ကြောင့် ထိုရုပ်ခြောက်မျိုးတို့၏အပေါ်၌ မှီ၍ဖြစ်ပေါ်သော ဝိညာဏ်ခြောက်မျိုးတို့သည် အာရုံနှင့်မယှဉ်သော ပေါက်ပြန်မှုသဘောသက်သက်ကြောင့်သာလျှင် သိကာမျှ သိပြီး ကုသိုလ်-အကုသိုလ်တွေလည်း မရောမယှက် မယှဉ်နိုင်သော သိကာမျှသာ သိသော အသိဝိညာဏ်တွေဖြစ်ခြင်းကြောင့် ထိုရုပ်

ထိုဝိညာဏ်ခြောက်မျိုးတို့သည် ပဋိစ္စသမုပ္ပါဒ်လည်းမထိုက်၊ သံသရာလည်းမကျင်လည်၊ ထို့ကြောင့် ထိုရုပ် ထိုဝိညာဏ်ခြောက်မျိုးတို့သည်သာလျှင် သံသရာမှ ကင်းပြတ်သော ရုပ်ဝိညာဏ်တို့ဟူ၍ မှတ်ကြကုန်ရာ၏။

## ရုပ်ကိုခလုတ်တိုက်မှု ဥပမာဖြင့် ပြဆိုခြင်း။

ထိုဝိညာဏ်တို့၏ မှီရာဖြစ်သော ရုပ်တရားတွေကို ရှင်းလင်းပြတ်သားစွာ မြင်နိုင်သိနိုင်စေခြင်းငှါ ထင်ရှားအောင် ဥပမာဆောင်၍ ပြပေအံ့။

ခြေထောက်နှင့်သစ်ငုတ် ခလုတ်တိုက်မိသောအခါမှာ ထိုတိုက်မိသောနေရာ၌ ထိတယ်ဟုဆိုရသော သဘောတခု ဖြစ်ပေါ်၍လာပြန်၏။ ထိုထိသဘောတခုကြောင့် ထိသည့်နေရာအထဲ၌ စစ်-စစ်-စစ်-စစ် ဟု ဆိုရသော ဖြင်း-ဖြင်း-ဖြင်း-ဖြင်း ဟု ဆိုအပ်သည့် ဥပမာသာဓကနှိုင်းယှဉ်၍ ပြလို့မဖြစ်သော ဖြစ်ပေါ်၍လာတဲ့ ထိုသဘောလေးတွေကိုသာလျှင် ဖေါက်ပြန်သည်ဟု ဆိုရခြင်းကြောင့် ထိုဖေါက်ပြန်သည့် ပရမတ်သဘောကိုပင် ပါဠိလို ရုပ်ဟု ခေါ်၏။

ထိုရုပ်ဟုဆိုရသော ဖေါက်ပြန်တဲ့ သဘောကြောင့်သာလျှင် နှလုံးအိမ်၏အထဲ မနောအကြည်ပေါ်၌ မှီ၍ တဖန် သိမှုသဘောကလေး ဖြစ်ပေါ်၍ လာရခြင်းကြောင့် ခြေထောက်နှင့်သစ်ငုတ် အကြောင်းနှစ်ခု တိုက်ခိုက်မှုကြောင့်သာလျှင် ထိသဘောအကျိုးတခု ဖြစ်ပေါ်၍လာ၏။

ထို ထိသဘောအကြောင်းတခုကြောင့်သာလျှင် ဖေါက်ပြန်သဘောအကျိုးတခု ဖြစ်ပေါ်၍လာ၏။

ထိုဖေါက်ပြန်သဘောအကြောင်းတခုကြောင့်သာလျှင် သိမှုသဘောအကျိုးတခု ဖြစ်ပေါ်၍လာရပြန်ပေ၏။

သို့သော်လည်း ထိုပြဆိုခဲ့ပြီးသော ခြေထောက်သည်လည်း သစ်ငုတ်မဟုတ်ပေ။ သစ်ငုတ်သည်လည်း ထိမှုမဟုတ်ပေ။ ထိမှုသည်လည်း ဖေါက်ပြန်မှုမဟုတ်ပေ။ ဖေါက်ပြန်မှုသည်လည်း သိမှုမဟုတ်ပေဟူ၍ ခလုတ်တိုက်မိတိုင်း တိုက်မိတိုင်း အခါ၌ ဖြစ်ပေါ်၍လာသည့် ကြောင်းကျိုးသဘောတွေကို ဝိပဿနာဉာဏ်ဖြင့် မမြင်မသိတော့ဘဲလျက် လူပြိန်းတို့အနေနှင့်ဆိုလျှင် နာသည်ဟူ၍သာ ပုဒ်မဘပ်လိုက်၏။

အမှန်အားဖြင့် ထိုနာသည်ဟု ပြောဆိုရသော နာမည်သည် မရှိပေ။ နာမည်တပ်၍ပြောဆိုရသည့် အပြောခံရသော ကြောင်းကျိုးသဘောမျှ သက်သက်သာ ရှိ၏။

## ဝိညာဏ်ခြောက်မျိုးကို ပြဆိုခြင်း။

ဒါကြောင့် ပြဆိုခဲ့ပြီးသည့် ရုပ် ဝိညာဏ်တို့၏ ဖြစ်စဉ်မှာလည်း မျက်စိအကြည်ပေါ်၌ ဖေါက်ပြန်မှုကြောင့် မြင်မှုသာလျှင် မို၏။

သိမှုမှာမူကား မနောအကြည်၌သာလျှင် မိုခြင်းကြောင့် ထိုဝိညာဏ်ကို စက္ခုဝိညာဏ်ဟု ခေါ်ရ၏။

ထို့အတူ နားအကြည်ပေါ်၌ ပေါက်ပြန့်မှုကြောင့် ကြားမှုသာလျှင် မို၏။ သိမှုမှုကား မနောအကြည်၌သာလျှင် မှီခြင်းကြောင့် ထိုဝိညာဏ်ကို သောတဝိညာဏ်ဟု ခေါ်ရ၏။

ထို့အတူ နှာခေါင်းအကြည်ပေါ်၌ ပေါက်ပြန့်မှုကြောင့် နံမှုသာလျှင် မှီ၏။ သိမှုမှုကား မနောအကြည်၌သာလျှင် မှီခြင်းကြောင့် ထိုဝိညာဏ်ကို ဃာနဝိညာဏ်ဟု ခေါ်ရ၏။

ထို့အတူ လျှာအကြည်ပေါ်၌ ပေါက်ပြန့်မှုကြောင့် ရသသာသောသာလျှင် မှီ၏။ သိမှုမှုကား မနောအကြည်၌သာလျှင် မှီခြင်းကြောင့် ထိုဝိညာဏ်ကို ဇိဝှါဝိညာဏ်ဟု ခေါ်ရ၏။

ထို့အတူ ကိုယ်အကြည်ပေါ်၌ ပေါက်ပြန့်မှုကြောင့် ထိမှုသာလျှင် မှီ၏။ သိမှုမှုကား မနောအကြည်၌သာလျှင် မှီခြင်းကြောင့် ထိုဝိညာဏ်ကို ကာယဝိညာဏ်ဟု ခေါ်ရ၏။

ထို့အတူ မနောအကြည်ပေါ်၌ ပေါက်ပြန့်မှုကြောင့် ဓမ္မသဘောသာလျှင် မှီ၏။ သိမှုမှုကား ထိုမနောအကြည်ပေါ်၌သာလျှင် မှီခြင်းကြောင့် ထိုဝိညာဏ်ကို မနောဝိညာဏ်ဟု ခေါ်ရ၏။

## နာမ်ပစ္စည်းတို့ကို ပိုင်းခြားစွာ ပြဆိုခြင်း။

ပြဆိုခဲ့ပြီးသော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကာယ၊ မနတို့ကြောင့် တခဏအတွင်း ဖြစ်ပေါ်၍လာသည့် ပဋိစ္စသမုပ္ပါဒ်မထိုက်သော အနှစ်သာရ မရှိသော သာယာစရာ မရှိသော တပ်

မက်စရာ မရှိသော နှစ်သက်စရာမရှိသော စွဲလန်းစရာမရှိသော ယူစရာမရှိသော ထိုရုပ် ထိုဝိညာဏ်တို့သာလျှင် တခဏအတွင်း ပျက်ကုန်ပြီးနောက်....

အပြင်ဘက်မှ မြင်မှုနှင့်အဆင်း ကြားမှုနှင့်အသံ နံမှုနှင့်အနံ့ ရသနှင့်လျှက်စရာ ထိမှုနှင့်ထိစရာ တည်းဟူသော သဘောတွေရဲ့အပေါ်ကို တဖန်အတွင်း မနထဲက အာရုံကိုတိုက်တွန်း၍ လှုက်လိုက်ခြင်းကြောင့် ထိုအာရုံနှင့် ငါးပေါက်မှာမှီသော သဘောတို့သည် တွေ့ဆုံကြလေ၏။

ထိုသဘောတို့နှင့်တွေ့သော အာရုံပေါ်မှာ နှလုံးအကြည်ထဲက ခံစားတဲ့သဘော ဖြစ်ပေါ်၍ လာ၏။

ထိုခံစားမှုနှင့်ယှဉ်သော အာရုံပေါ်မှာ တိုက်တွန်းမှုကြောင့် ဘာဘဲ ညာဘဲဟု မှတ်တဲ့သဘော ဖြစ်ပေါ်၍လာ၏။

ထိုမှတ်မှုနှင့်ယှဉ်သော အာရုံပေါ်မှာ တဖန် တိုက်တွန်းမှုကြောင့် ဘာဘဲ ညာဘဲဟု သိမှုသဘောတခု ဖြစ်ပေါ်၍လာရခြင်းကြောင့် ထိုတိုက်တွန်းတဲ့သဘောရယ်၊ ခံစားတဲ့သဘောရယ်၊ မှတ်တဲ့သဘောရယ်၊ သိတဲ့သဘောရယ်၊ ထိုသဘောလေးခုကိုသာလျှင် နာမ်ဟု ခေါ်ဝေါ်သမုတ်ရ၏။

## နာမ်ပစ္စည်းများကို ပိုင်းခြားပြီး ရှုပုံ။

ထိုနာမ်ဟု သမုတ်ထိုက်သော သဘောလေးခုကို နှလုံး၏အကြည်ပေါ်၌မှီ၍ ဖြစ်ပေါ်ဆဲမှာ လျှင်မြန်သော ဝိပဿနာဉာဏ်ဖြင့်ကြည့်၍ ထက်မြက်သောပညာဖြင့် သိပြီးသည့်နောက်၊

အော်....မြင်မှုနှင့် မြင်စရာအာရုံပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်းလေးပါးက တခြားပါကလား။

ထို့နောက် ကြားမှုနှင့် ကြားစရာ အာရုံပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်းလေးပါးက တခြားပါကလား။

ထို့နောက် နံမှုနှင့် နံစရာအာရုံပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်းလေးပါးက တခြားပါကလား။

ထို့နောက် အရသာနှင့် လျက်စရာအာရုံပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်းလေးပါးက တခြားပါကလား။

ထို့နောက် ထိမှုနှင့် ထိစရာအာရုံပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်းလေးပါးက တခြားပါကလား။

ထို့နောက် ကြံစည်မှုနှင့်ကြံစည်စရာ အာရုံပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်းလေးပါးက တခြားပါကလား။

ဒါကြောင့် မြင်မှုနှင့်မြင်စရာ အာရုံပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်းလေးပါးတို့သည်လည်း ကြားမှုနှင့် ကြားစရာ အာရုံပေါ်မှာ မှီ၍နေသော ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်းလေးပါး မဟုတ်ပါကလား။

ထို့နောက် ကြားမှုနှင့်ကြားစရာ အာရုံပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်းလေးပါးတို့သည်လည်း နံမှုနှင့်နံစရာ အာရုံပေါ်မှာမှီ၍နေသော ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်းလေးပါး မဟုတ်ပါကလား။

ထို့နောက် နံမှုနှင့်နံစရာ အာရုံပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်း လေးပါးတို့သည်လည်း အရသာနှင့်လျက်

စရာ အာရုံပေါ်မှာ မှီ၍နေသော ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်းလေး ပါး မဟုတ်ပါကလား။

ထို့နောက် အရေးသာနှင့်လျက်စရာ အာရုံပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်းလေးပါးတို့သည်လည်း ထိမှုနှင့် ထိစရာ အာရုံပေါ်မှာ မှီ၍နေသော ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်းလေးပါး မဟုတ်ပါကလား။

ထို့နောက် ထိမှုနှင့် ထိစရာအာရုံပေါ်၌ မှီ၍နေသည့် ဖြစ်ပေါ်ဆဲ နာမ်ပစ္စည်းလေးပါးတို့သည်လည်း ကြံစည်မှုနှင့် ကြံစည်စရာ အာရုံပေါ်မှာ မှီ၍နေသော ဖြစ်ပေါ်ဆဲနာမ်ပစ္စည်း ၄ ပါး မဟုတ်ပါကလားလို့ လျှင်မြန်ဖြတ်လတ်သော ဝိပဿနာဉာဏ်ဖြင့် မြင်ပြီး စူးရှထက်မြက်သော ပညာအသိနှင့် မြင်ရ သိရကြမှသာ လျှင် စူဋ္ဌသောတာပန်တို့၏ အမြင်အသိဖြစ်ခြင်းကြောင့် ထိုစူဋ္ဌ သောတာပန်ပုဂ္ဂိုလ်တို့မှသာလျှင် သံသရာလည်သော ပညတ်အာ ရုံပေါ်၌မှီပြီး ဝေဒနာသင်ညာတို့နှင့် ယှဉ်၍နေသည့် ရုပ်နာမ်တွေ ကတခြား။

ပြဆိုခဲ့ပြီးသော သံသရာမှ ကင်းပြတ်သည့် ခြောက်ပေါက် မှာ မှီ၍ ဖြစ်ပေါ်ဆဲ ပရမတ်ရုပ်ဝိညာဏ်တွေကတခြားပါကလား လို့ သံသရာပြတ်ကြောင်းနှင့်တကွ သံသရာလည်ကြောင်းကို ပိုင်း ခြားကန့်သတ်ပြီး အလွန်ပင် ခက်ခဲနက်နဲ၍ အရှုခံဖြစ်တဲ့ ရေး သားပြသခဲ့သော ရှေ့လျှောပြောင်းလဲမှု ရုပ်နာမ်တို့၏ လက္ခဏာ သဘောတွေကို အရှုဉာဏ်ဟု ဆိုအပ်သော ဝိပဿနာပညာဖြင့် ယောဂီတို့၏ အတွင်းအပြင်၌ သဘောမျှသက်သက်ကိုသာလျှင် အတပ်မြင်၍ အတပ်သိကြရမည် ဖြစ်၏။

ဤသို့လျှင် အားထုတ်၍နေကြကုန်သော ယောဂီပုဂ္ဂိုလ်တို့၏ မြင်စရာ သိစရာရှိသည့် ဓမ္မအရသာ သဘောတွေကို လွယ်ကူစွာဖြင့် မြင်နိုင် သိနိုင်အောင် ကတ္တား ခြား၍ခြား၍ မေတ္တာရှေ့ထားပြီး ပေါ်လွင်ထင်ရှားအောင် ရေးသားပြသခဲ့သော်လည်း ဥပမာ ဘာနှင့်တူပါသလဲလို့ ဆိုရပါလျှင် နှင်းဆီပင် တပင်၌ နှင်းဆီပန်းတွေ ပွင့်၍နေ၏။ ထိုနှင်းဆီပန်းပွင့်တွေကို တခါမှ မမြင်ဘူးသော သူတယောက်က နှင်းဆီပန်းလို့ ဆိုကြတာဟာ ဘာနှင့်တူပါသလဲ.... သဘောပေါက်အောင် အကျွန်ုပ်ကို ပြောပြပါဟု တကယ်မြင်ဘူးသော သူတယောက်ကို မေးမြန်း၏။

ထိုအခါ တကယ်မြင်ဘူးသော သူတယောက်က တကယ်မမြင်ဘူးသော သူတယောက်ကို နှင်းဆီပန်းဆိုတာဟာ ဟောဒီပစ္စည်းနှင့်အတူတူဘဲလို့ ဆိုပြီး ပလပ်စတိတ်ကို လုပ်ထားသော နှင်းဆီပန်း ပွင့်အတုကို ပြ၏။

ထိုသို့ပြောဆို၍ ပြသော်လည်း နှင်းဆီပန်းများ ပွင့်၍နေသော နှင်းဆီခြံထဲသို့ သွားရောက်ပြီး နှင်းဆီပန်းအစစ်ကို ခူး၍ပြချင်သော်လဲ လွယ်လင့်တကူ မပြအားလို့သာလျှင် ပလပ်စတိ တ်ကိုလုပ်ထားသော နှင်းဆီပန်းအတုကို ပြ၏။ ဤသို့လျှင် နဂိုနှင်းဆီပန်းနှင့် အတူတူပါဘဲလို့ ဘယ်လိုပင်ပြော၍ပြသော်လည်း ဟုတ်တော့ ဟုတ်၏။ သို့သော်မမှန်ပါ။

အဘယ့်ကြောင့်ဆိုသော် အပိုပြသော နှင်းဆီပန်းအတုသည် နဂိုသဘာဝနှင်းဆီပန်းအစစ် ဘယ်နည်းနဲ့မျှ မဖြစ်နိုင်သလို ထိုအတူ နှင်းဆီပန်းအစစ်နှင့် တူလှစွာသော သဘာဝတရားတွေကိုနှင်းဆီခြံနှင့်တူလှစွာသော မိမိတို့၏ ကိုယ်ခန္ဓာထဲ၌ လွယ်

ကူစွာ အားထုတ်၍ မြင်အောင် သိအောင်သော နှင်းဆီပန်းအတု နှင့် တူလှစွာသော ဤစာအုပ်ကို ရေးသားရှိသာ ပြရပါ၏။

ဒါပေမဲ့ ဤစာအုပ်ကို ဖတ်ကြည့်၍ သိသော အသိတို့သည် နှင်းဆီပန်းအတုနှင့်တူသော သုတမယ အသိသာဖြစ်၏။ ဤစာ အုပ်ထဲမှာ ဖတ်ရှုပြီး နှင်းဆီခြံနှင့်တူလှစွာသော မိမိတို့၏ ကိုယ် ခန္ဓာထဲ၌ နှင်းဆီပန်းအစစ်နှင့် တူလှသည့် ရုပ်နာမ်သဘောတွေ ကို တကယ်တန်း မြင်ရသိရလေအောင် ပွါးများကြိုးကုတ် အား ထုတ်ပြီး မြင်ကြသိကြမှသာလျှင် ဘာဝနာမယ အမြင်အသိ ဖြစ် ရခြင်းကြောင့် ပြဆိုခဲ့သည့် ဓါတုပရိစ္ဆေဒ ရူပပရိစ္ဆေဒ၊ နာမ ပရိစ္ဆေဒ တို့၏ ပစ္စည်းဆက် ကြောင်းကျိုးသဘောသက်သက် တွေကို ထိုဘာဝနာမယ အမြင်အသိနှင့်တကွ ဝိပဿနာပညာ အသိနှင့် ပြည့်စုံပြီးသကာလ ထိုခြောက်ပေါက်- ခြောက်တံခါး တို့၌- မှီရှိနေတဲ့အရှုခံဖြစ်သော-

ဖေါက်ပြန်မှု- သဘော၊

ပုံပြင်မှု- သဘော၊

ခံစားမှု- သဘော၊

မှတ်မှု- သဘော၊

သိမှု- သဘော

စသည်တွေကို၊ အရှုဉာဏ်ဖြစ်သည့်၊ ဝိပဿနာပညာနှင့်၊ မ လစ်လပ်စေဘဲ၊ သတိကပ်၍-ရှုကြည့်လိုက်သောအခါ-ထိုသဘော အပြားငါးပါးတို့သည်၊ မျက်တောင်တခတ်-လျှပ်တပျက်-လက် ဖျောက်တတွက်ဟု ဆိုရသော တခဏ၌ပင်လျှင် ဖြစ်ပေါ်၍ ရွေ့ လျော ပြောင်းလဲမှုကြောင့် တည်ပြီးမှ ရွေ့လျော ပြောင်းလဲမှု

ကြောင့် ပျက်ကုန်ကြပြီးလျှင် ထိုတခဏ တခဏ အတွင်း၌ ဖြစ်၍ တည်ပြီး ပျက်ကုန်သော ဘင်- စွန်း၏အပေါ်မှာတင်ပြီး ရှု၍ရှု၍ နေမည်ဆိုလျှင်....

အပျက်ပေါ်မှာပင် သောင်တင်၍ ဉာဏ်စဉ်မတိုးတက်မည် ဖြစ်ခြင်းကြောင့် အပျက်ဟု ပြောသော ဘင်စွန်း၏နောက်သို့ သတိနှင့်ကပ်ပြီး ဉာဏ်ဖြင့်ရှုကြည့်လိုက်သောအခါ ထိုအရှုခံဖြစ်သည့်သဘော အပြားငါးပါးတို့သည် ခဏငယ် သုံးချက်အကြား မှ ရွေ့လျောပြောင်းလဲမှုကြောင့် ဘာကိုမျှ အမွေအစ ဖြစ်ရာ မရှိတာကို အာရုံနဲ့တွေ့၍ အရှုဉာဏ်နှင့်မြင်ပြီး ပညာအသိထဲ၌ မမြဲပါတကားလို့ အောက်မေ့မှုကိုပင် အနိစ္စဟု ခေါ်ရ၏။

အရှုခံဖြစ်သော ရုပ်နာမ်တွေရဲ့ ဖြစ်မှု တည်မှု ပျက်မှုတို့၏ အကြားမှ ရွေ့လျော ပြောင်းလဲမှုကိုတော့ လက္ခဏာဟု ဆိုရ ခြင်းကြောင့် ထိုလက္ခဏာဟု ဆိုရသော သဘောတို့သည် အရှုခံ ဖြစ်သော ရုပ်နာမ်ထဲ၌သာ ရှိ၏။

မမြဲဘူးဟုဆိုရသော အနိစ္စအချက်သည် အရှုဉာဏ်နှင့် ယှဉ် သော ပညာအသိထဲ၌သာ ကိန်း၏။

(မှတ်ချက်) ယောဂီတို့ ရှိတာကိုမြင်လျှင် မြဲသည်ဟုထင်၏။ မရှိတာကို မြင်မှသာလျှင် မမြဲဘူးဟု ထင်၏။

ဒါကြောင့် အရှုခံဖြစ်သော ရုပ်နာမ်ထဲမှ လက္ခဏာသဘော ကိုတော့ အကြောင်းဟူ၍ ခေါ်ရပြန်၏။

အရှုဉာဏ်နှင့်ယှဉ်သော ပညာအသိထဲမှ အနိစ္စကိုတော့ အကျိုးဟု ခေါ်ရခြင်းကြောင့် လက္ခဏာဟု ဆိုရသော အကြောင်း ကတခြား၊ အနိစ္စဟု ဆိုရသော အကျိုးကတခြား။

လက္ခဏာလို့ ဆိုရသော အကြောင်းတို့သည် အနိစ္စလို့ ဆိုရသည့် အကျိုးမဟုတ်ပေ၊ အနိစ္စလို့ ဆိုရသော အကျိုးသည်လည်း လက္ခဏာလို့ ဆိုရသည့်အကြောင်း မဟုတ်ပေ။

သို့သော် လက္ခဏာလို့ ဆိုတဲ့ အကြောင်းကြောင့်သာလျှင် အနိစ္စလို့ ဆိုတဲ့ အကျိုးဖြစ်လာရပါကလားလို့ အကြောင်းလက္ခဏာနှင့် အကျိုးအနိစ္စကို ပိုင်းခြားပြီး မြင်မှုကိုတော့ အနိစ္စလက္ခဏာနုပဿနာဉာဏ်အစစ် ဖြစ်သည်ဟု ခေါ်ဆိုရ၏။

ဤသို့လျှင် အရှုခံဖြစ်သော ရုပ်နာမ်တွေသည် ရွေ့လျော ပြောင်းလဲသော သဘောတို့ကြောင့် မရှိ- မရှိနေသည်ကိုပင် ထာဝစဉ် ထာဝရ အရှုဉာဏ်နှင့်ယှဉ်သော ပညာအသိထဲမှ မမြဲပါတကား- မမြဲပါတကားဟု မပြတ်ဒလစပ် အောက်မေ့နေခြင်းကြောင့် တဖန် ဆင်းရဲမှုသဘောတို့သည် ဒုတိယအရှုဉာဏ်နှင့်ယှဉ်သော ပညာအသိထဲ၌ မိုးပေါ်ကကျသလို အလိုအလျောက် ပြောင်းလဲပြီး ဖြစ်ပေါ်၍လာပြန်၏။ ဒါ့ကြောင့်- ဒုတိယအရှုဉာဏ်နှင့်ယှဉ်သည့် ပညာအသိထဲမှ ဆင်းရဲမှုသဘောကိုတော့ ဒုက္ခဟု ခေါ်ဆိုရပြန်၏။

အရှုခံဖြစ်သော ရုပ်နာမ်တွေရဲ့ ဖြစ်မှု တည်မှု ပျက်မှုတို့၏ အကြားမှ ရွေ့လျော ပြောင်းလဲမှုသဘောကိုတော့ လက္ခဏာဟု ဆိုရခြင်းကြောင့် ထိုလက္ခဏာဟု ဆိုရသော သဘောတို့သည် အရှုခံဖြစ်သော ရုပ်နာမ်ထဲ၌သာ မှီ၏။

ဆင်းရဲ၏ဟု ဆိုရသော ဒုက္ခအချက်သည် ဒုတိယအရှုဉာဏ်နှင့်ယှဉ်သော ပညာအသိထဲ၌သာ ကိန်း၏။

ဒါ့ကြောင့် အရှုခံဖြစ်သော ရုပ်နာမ်ထဲမှ လက္ခဏာသဘော ကိုတော့ အကြောင်းဟူ၍ ခေါ်ရပြန်၏။

ဒုတိယ အရှုဉာဏ်နှင့်ယှဉ်သော ပညာအသိထဲမှ ဒုက္ခကိုတော့ အကျိုးဟုခေါ်ရခြင်းကြောင့် လက္ခဏာဟုဆိုရသော အကြောင်း ကတခြား၊ ဒုက္ခဟု ဆိုရသော အကျိုးကတခြား။

လက္ခဏာလို့ဆိုရသော အကြောင်းတို့သည် ဒုက္ခလို့ဆိုရ သည့်အကျိုးမဟုတ်ပေ။ ဒုက္ခလို့ဆိုရသော အကျိုးသည်လည်း လက္ခဏာလို့ဆိုရသည့် အကြောင်းမဟုတ်ပေ။

သို့သော် လက္ခဏာလို့ဆိုတဲ့ အကြောင်းကြောင့်သာလျှင် ဒုက္ခလို့ဆိုတဲ့ အကျိုးဖြစ်လာရပါကလားလို့ အကြောင်းလက္ခ ဏာနှင့် အကျိုးဒုက္ခကို ဒုတိယ တဖန် ပိုင်းခြားပြီး မြင်မှုကို တော့ ဒုက္ခလက္ခဏာ နုပဿနာဉာဏ်အစစ်ဖြစ်သည်ဟု ခေါ်ဆို ရ၏။

ဤကဲ့သို့ ဆင်းရဲစရာတွေပါကလား၊ မမြဲမှုတွေပါကလားဟု အောက်မေ့စရာဖြစ်သည့် အရှုခံဖြစ်သော ရုပ်နာမ်တို့၏ ဖြစ်မှု တည်မှု ပျက်မှုတွေရဲ့ အကြားမှ ရွေ့လျောပြောင်းလဲမှုတွေကို သိမ်းကြုံး၍ ထိုသဘောတို့သည် ငါ၏အလိုသို့ ဘာတခုမှလဲ မ လိုက်ပါကလား၊ ငါကဲ့သို့လို အားထုတ်၍နေသော ယောဂီ တိုင်းတို့၏ စရိုက်နှင့် ဘာတခုမှ မကိုက်ညီမှု၊ အစိုးမရသော အ ကျိုးသဘောမျှသာ ဖြစ်ပါတော့တကားဟု တတိယ အရှုဉာဏ် နှင့်ယှဉ်သော ပညာအသိထဲမှ အောက်မေ့၍ လာပြန်၏။

ထိုတတိယ အရှုဉာဏ်နှင့်ယှဉ်သော ပညာအသိထဲ၌ အစိုးမရ

ဟု ဆိုသော သဘောကိုတော့ အနတ္တဟု ခေါ်ဆိုရပြန်၏။ ဆင်းရဲစရာ မမြဲစရာဖြစ်သည့် အရှုခံဖြစ်သော ရုပ်နာမ်တို့၏ ဖြစ်မှု တည်မှု ပျက်မှုတွေရဲ့အကြားမှ ရွေ့လျောပြောင်းလဲမှုသဘောကိုတော့ လက္ခဏာဟု ခေါ်ဆိုရခြင်းကြောင့် ထိုလက္ခဏာဟု ဆိုရသော သဘောတို့သည် အရှုခံဖြစ်သော ရုပ်နာမ်ထဲ၌သာ မှီ၏။

အစိုးမရဟု ဆိုရသော သဘောတို့သည် တတိယ အရှုဉာဏ်နှင့်ယှဉ်သော ပညာအသိထဲ၌သာ ကိန်း၏။

ဒါကြောင့် အရှုခံဖြစ်သော ရုပ်နာမ်ထဲမှ လက္ခဏာသဘောကိုတော့ အကြောင်းဟူ၍ ခေါ်ရပြန်၏။ တတိယ အရှုဉာဏ်နှင့်ယှဉ်သော ပညာအသိထဲ၌ အစိုးမရမှုကိုတော့ အကျိုးဟု ခေါ်ရခြင်းကြောင့် လက္ခဏာဟု ဆိုရသောအကြောင်းကတခြား၊ အနတ္တလို့ ဆိုရသော အကျိုးကတခြား။

လက္ခဏာလို့ ဆိုရသော အကြောင်းတို့သည်လည်း အနတ္တလို့ ဆိုရသည့် အကျိုးမဟုတ်ပေ။ အနတ္တလို့ ဆိုရသော အကျိုးတို့သည်လည်း လက္ခဏာလို့ ဆိုရသည့် အကြောင်း မဟုတ်ပေ။

သို့သော် အော်....လက္ခဏာလို့ ဆိုတဲ့ အကြောင်းကြောင့်သာလျှင် အနိစ္စလို့ဆိုတဲ့အကျိုး ဖြစ်လာရပါကလား။

အနိစ္စလို့ ဆိုတဲ့ အကြောင်းကြောင့်သာလျှင် ဒုက္ခလို့ ဆိုတဲ့ အကျိုး ဖြစ်လာရပါကလား။

ထိုအနိစ္စနှင့် ဒုက္ခလို့ ဆိုတဲ့ အကြောင်းကြောင့်သာလျှင် အနတ္တလို့ဆိုတဲ့ အကျိုး ဖြစ်လာရပါကလားဟု ထိုသမုတ်၍

သမုတ်၍ထားသော ပညတ်တွေ မရှိပါဘဲ အကြောင်းသဘော သက်သက်နှင့်တကွ အကျိုးသဘောသက်သက်တို့၏ မပြတ်ဒလ စပ် ဆက်စပ်နေသည်ကိုပင် ပိုင်းခြားကန့်သတ်ပြီး တတိယ အရှု ဉာဏ်နှင့်မြင်၍ ပညာဖြင့် ထိုးထွင်းပြီး သိရမှုကိုပင် ထိုအမြင် ထိုအသိမျိုးကိုမှ အနတ္တလက္ခဏာ နုပဿနာဉာဏ်အစစ် ဖြစ်သည် ဟု ခေါ်ဆိုရ၏။

ထိုကဲ့သို့ ပြဆိုခဲ့ပြီးသည့် ခြောက်ပေါက်- ခြောက်တံခါးတို့၏ အပေါ်၌ မှီ၍နေသော သဘာဝရုပ်နာမ်တွေကို အနိစ္စ ဒုက္ခ အ နတ္တ ဟု ထင်မြင်အောင် မလစ်လပ်သော သတိဖြင့် ထာဝစဉ် ပွါးများကြိုးကုတ် အားထုတ်နေသဲ ပုဂ္ဂိုလ်မျိုးတို့မှသာလျှင် လက္ခဏာဉာဏ် ထင်မြင်၍နေသည့် ဝိဇ္ဇာပညာရှိသော စူဋ္ဌသော တာပန် ပုဂ္ဂိုလ်ကြီးအစစ် ဖြစ်၏။

ဤသို့လျှင် ထိုလက္ခဏာဉာဏ်တွေနှင့် ထိုရုပ် ထိုနာမ်တွေကို ကြိမ်ဖန်များစွာ မလစ်လပ်စေဘဲ၊ ဆက်လက်၍ ပွါးများအား ထုတ်ပြီး နေခဲ့ပါလျှင် နေ့-ည-ရက်-လ အတွင်းမှာပင် ထိုရုပ် နာမ်တို့၏ ဖြစ်ပျက်ခြင်းမကင်း ပူပြင်၍နေသည့် သခ်ါရနယ်အ တွင်းမှ ထွက်ပေါက်ကိုမြင်သော အထွဋ်အထိပ်ဖြစ်သည့် ဝိပဿ နာ ပညာအသိက တသံသရာလုံးမှ ယခုဘဝအထိ ကပ်ညိပြီး ကိန်း၍နေသော ကိလေသာဟူသမျှတို့ကို တကြိမ်မျှသာ ပယ် သတ်လိုက်ခြင်းကြောင့် ပူပြင်လို့ မဖြစ်သော အသခ်ါတသဘော သို့ ဆိုက်ရောက်ပြီး မဂ်ဖိုလ် နိဗ္ဗာန်သို့ ကိုယ်တိုင် ကိုယ်ကျ တွေ့ ရ မြင်ရ သိရသည့် သောတာပန်ပုဂ္ဂိုလ်ကြီးဟူ၍ အသမုတ်ခံရ မည် ဖြစ်၏။

ဒါ့ကြောင့် ယခုအခါ တရားရှာ၍ နေကြကုန်သော အို.... ဒကာ ဒကာမ အပေါင်းတို့.... ယခုအချိန်အခါကြီး သည်ကားဆို ခဲ့ပါလျှင် သုံးလောကထွဋ်ထား သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရတဲ့ ဂေါတမမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ သာသ နာတော်အတွင်းပေတည်း။

ထိုသာသနာတော်ကြီး၏ အတွင်း၌ မှန်ကန်တိကျသော အ လုပ်နှင့် ပွါးများအားထုတ်၍နေကြပါက ယခုဘဝတည်းနှင့် သောတာပန်ကြီးတွေ သကဒါဂါမ်ကြီးတွေ အနာဂါမ်ကြီးတွေ ရဟန္တာပုဂ္ဂိုလ်ကြီးတွေ ဖြစ်ကြရမည်ဟု ဆိုတာကို ယုံယုံကြည် ကြည် စေတနာစိတ်ထား ဖြူစင်စွာဖြင့် ဤသာသနာတော်မြတ် ကြီးနှင့် တွေ့ကြုံရသော အကျိုးရှိ အဖိုးတန် အမျိုးမှန်သည့် ဤ လူ့ဘဝ၌ မအိုခင် မနာခင် မသေခင်မှာပင် ဆရာကောင်းကို တွေ့အောင်ရှာပြီး ထိုဆရာကောင်းတို့၏ နိသျှည်းအတိုင်း ပွါး များကြိုးကုတ် အားထုတ်ကြစေရန် သတိပေး၍ တိုက်တွန်း နှိုး ဆော်လိုက်ရပါပေ၏။

သို့အတွက်ကြောင့် ဒါယကာ ဒါယိကာမတို့ မည်သည့် အယူဝါဒတွေကိုယူပြီး ဝိပဿနာအလုပ်ပါဘဲဟူ၍ အားထုတ်ကြ သော်လည်း ရေးသားပြသခဲ့သော ဗုဒ္ဓ၏အလိုတော်ကျဖြစ်သည့် ဓါတုပရိစ္ဆေဒ၊ ရူပပရိစ္ဆေဒ၊ နာမပရိစ္ဆေဒ ဉာဏ်တို့ကို အမှန် ရ၍ သမ္မာဒိဋ္ဌိ အလုပ်နှင့် အားထုတ်ကြမှသာလျှင် နိဗ္ဗာန် မဂ် ဖိုလ် အလို့ငှါ ရောက်နိုင်သည့် တခုတည်းသော တရားလမ်း ကြောင်းကြီး ဖြစ်ကြပေလိမ့်မည်။

## ကျမ်းပြီးနိဂုံး

မိုးညိုမြို့ကြီး -- မျိုးထီးပုံနှော်၊
ဖွားရာဇာတိ -- ကဝိမဟော်၊
ဝိပဿနာစခန်း -- ကျင့်လမ်းကိုဖေါ်၊
ထွေးမယုက် -- လေးမဂ်လေးဖိုလ်ပေါ်။
ကိုယ်တိုင်အားထုတ် -- အဟုတ်ထင်ပေါ်၊
ခန္ဓာဉာဏ်တွေ့ -- မှန်သရွေ့နှော်၊
အပိုမသွင်း -- လိုရင်းကိုဖေါ်၊
သဘောမျှ -- ဟောပြမြွတ်မဟော်။
မိုးညိုဇာတိ -- ကဝိအမော်၊
တပည့်အပေါင်း -- ခညောင်းပူဇော်၊
မဂ် ဖိုလ် ယူသုံး -- ဉာဏ်ဆုံးကိုမျှော်၊
ပြောမပျက် -- ဟောချက်တွေ့ကကျော်။
မိုးညိုဆိုတိုင်း -- အံ့မှိုင်းကာကျော်၊
ဒေသနာမိုး -- သွန်းဖြိုးရွာသော်၊
ကမ္ဘာပေါ်တွင်း -- ထန်ပြင်းသနော်၊
စိုးမကြောက် -- ချိုးသောက်တူပျော်ပျော်။
တပည့်အများ -- ငံ့ညားကာမျှော်၊
မဂ်ဖိုလ်ရကြောင်း -- လမ်းကောင်းကိုဖေါ်၊
တရားစည်ကြီး -- ရိုက်တီးကာဆော်၊
ခေတ်မဆုံး -- ထစ်ချုန်းရွာပြီနှော်။
ထစ်ချုန်းရွာလို့ -- ငါတို့တူပျော်၊

တလုံးတပေါက် -- ချိုးသောက်ဘိုမျှော်၊
တိုးလို့ချိုးစို့ -- မိုးညို့ထံတော်၊
သင့်အရေး -- ခွင့်ပေးလက်ယပ်ခေါ်။
မြန်မာ့သက္ကရာဇ် -- တွက်စစ်ပါသော်၊
တစ်-သုံး-သုံးနှင့် -- နှစ်သချာဖော်၊
တော်သလင်းလ -- ခါသမယတွင်ခေါ်၊
ဆင်းမင်းနေ့ -- ပြီးပေ့ဤကျမ်းနော်။

ပြီးပြီ။

# ယောဂီ ဦးသန့်၏

# အကြောင်းပြ စကား

ရှေ့မိတ်ဆွေအပေါင်း သူတော်ကောင်းတို့များ။

အဖဘုရားကြီးက သစ္စာမသိသူများသည် ဘုရားရှင်သာသနာတော်မြတ်ကြီးနှင့် ကြုံတွေ့ရသည်ဟု မဆိုသာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဘို့ဝေးစွ လူဖြစ်ရကျိုးသည်ပင်လျှင် နပ်သည်ဟုမဆိုသာချေ။ ဒါ့ကြောင့် သစ္စာသိဘို့ဆုက ဤကမ္ဘာမဟာတွင် ပါရှိအပ်သော ရုပ် နာမ် ဓမ္မသင်္ခါရတို့ကို မြင်အောင် ကွက်ကွက်ကွင်းကွင်း ရှင်းလင်းပြတ်သားစွာနှင့် မြန်မာတို့ အသုံးအနှုန်းအက္ခရာစာလုံးသက်သက်ဖြင့် ရေးသားညွှန်ပြထားသော တရားဓမ္မ အစုစု အရှုခံနှင့် အရှုဉာဏ်များတို့ကို ကြိမ်ဖန်များစွာ အပန်းတကုတ် ကြိုးစားအားထုတ်နိုင်မှသာလျှင် "စတုသစ္စာ ဝိနိမုတ္တောဓမ္မောနာမနတ္ထိ" ဟူသော ဝစနတ္ထနှင့်အညီ ဤသစ္စာတရားများကို

ပိုင်းခြားထင်ထင် သိမြင်နိုင်လိမ့်မည် ဖြစ်ပါကြောင်း ကောင်းမြတ်သော စိတ်ထားနှင့် ရေးသားတိုက်တွန်းလိုက်ရပါကြောင်း။

ဒို့....ယောဂီအပေါင်း သူတော်ကောင်းတို့- သိန်းတရာမျှလောက်သော လူထုအတွင်းမှ တသိန်းမျှသော ထိပထမဆုပေါက်ဂဏန်း ရကာမျှနှင့် သေလူမဆုံး ဝမ်းပန်းတသာ ရှိနေရသည်ထက် အဆပေါင်း ကုဋေကုဋာမျှမက ဝမ်းမြောက်ဝမ်းသာ ချီးကျူးထောပနာပြုစရာကား မရေနိုင် မတွက်နိုင်သော ဝေနေယျသတ္တဝါအနန္တတို့အထဲမှ ကျွန်ုပ်တို့ကဲ့သို့ မနုဿလူ့ဘဝတွင် ဤနိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တရားမြတ် တရားစစ် တရားမှန်များကို ကြိုးစား အားထုတ်နေနိုင်သော ဗုဒ္ဓဘာသာ လူမျိုးစစ်စစ် ဖြစ်ရခြင်းက ထိုအဆပေါင်း မရေနိုင် မတွက်နိုင်အောင်ပင် ပို၍ဝမ်းသာမဆုံး တပြုံးပြုံး ရှိဘို့ရာ ကေန်စင်စစ်မဖြစ်ပါသလော၊ ထို့ကြောင့် ယနေ့အဘို့ ကျွန်ုပ်တို့၏ အားထားရာအစစ် ကေန်ဖြစ်သော မိုးညိုဆရာသခင် ကျေးဇူးရှင်ဖြစ်တော်မူသော အရှင်သူရိယ ဆရာတော် မထေရ်မြတ်သည် ကိုယ်တွင်းပေါက်တရား လက်ရှိထား၍ ရေးသားအပ်သော ဤဓမ္မရသအနုတ္တကျမ်းမဟာကို အားထုတ်ကြည့်ပါက ကိလေသာအပေါင်းမှ စင်ကြယ်ရာ စင်ကြယ်ကြောင်း လမ်းကောင်းကြီးစင်စစ်မဟုတ်ပါသလော၊ စိုးရိမ်ပူဆွေး ငိုကြွေးဘမ်းတ ဘေးဘယာကို အေးဆေးပယ်ခွါ လွန်မြောက်ရာ ဟူ၍လည်း ဝန်မခံပါသလော၊ အားလုံးကုန်သော ဒုက္ခဒေါမနဿ ညိုညင်ဆင်းရဲအနဲ့နဲ့တို့မှ ကွာစဲချုပ်သိမ်း ငြိမ်းအေးဘွယ်ရာ တခုတည်းသောလမ်းမကြီးပင် မဟုတ်ပါသလော၊ လေးပါးသော မဂ်ဖိုလ်တရား

တို့ကိုလည်း ကောန်စင်ဇော် ရောက်ရှိဘို့ရာ တခုတည်းသော လမ်းမကြီးလည်း မဟုတ် မှန်ပါပေသလော အစရှိသည်ဖြင့် အို-နာ-သေဘေး ဒုက္ခဆေးတို့မှ လွတ်မြောက်ရာအမှန်ပြည်နိဗ္ဗာန်သို့ ရရှိဘို့ရာ ရည်စူး၍ဟောပေါ် ညွှန်ပြ ဆိုဆုံမှထားသည်များကို မဘုတ်သော လုံ့လဝိရိယတို့နှင့်တကွ လွယ်သောအကျင့် လျှင်သောအသိဉာဏ် ပညာများဖြင့် ကြိုးစားအားထုတ်နိုင်ကြပါစေခြင်းအကျိုးငှါ သပ္ပုရိသနွယ်ဝင် သူတော်စင် အများတို့အား တိုက်တွန်းရေးသား နှိုးဆော်အပ်ပါသတည်း။ ကြိုးစားအားထုတ်ကြပါကုန်လော့။

တာဝန်ခံတင်ဆက်သူ
ဦးသန့်
တာဝန်ခံအလှူ့ကျ
ယောဂီကြီး
ရန်ကုန်မြို့။
၃-၁၁-၇၀

---

ထို့ပြင်တဝ စာကြည့်ပရိသတ်အပေါင်း သူတော်ကောင်းတို့ဗျား၊ ယခုအခါ၌ "ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ၊" ကာယသတိပဋ္ဌာန်၊ ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာသတိ

ပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန် အစရှိသော မဟာသတိပဋ္ဌာန်တရား လေးပါးတို့နှင့်တကွ အလွန်နက်နဲ ခက်ခဲလှစွာသော ဓမ္မအသီအနှစ်တို့ကို ကိုယ်တွင်းမှ ညှစ်ထုတ်၍ အများဝေနေယျ သတ္တဝါတို့အား သနားဂရုဏာ ရှေ့ထား၍ ရေးသား ပေးသနားပါရန် ဆရာတော်ဘုရား မိုးညိုဘုရားအား လျှောက်ထားတောင်းပန် အသနားခံဆဲရှိနေရာ ၎င်းစာအုပ်ကလေးကိုလည်း စတုတ္ထတွဲ အနေဖြင့် များမကြာမီရက်အတွင်း ထွက်မြောက်နိုင်လိမ့်မည်ဟု မျှော်လင့်ရရာ ထိုဝိပဿနာဆိုင်ရာတရား ကျမ်းစာပဋ္ဌမတွဲမှစ၍ စတုတ္ထတွဲများကို ရန်ကုန်မြို့ ကျောက်မြောင်းရပ်ကွက် မြောက်ပိုင်း ဥက္ကလာပမြို့ မိုးညိုတရားပြသရာ ကျောင်းဆောင်များ၌ သော်၎င်း၊ ရန်ကုန်မြို့ ၆-မိုင် ပြည်လမ်း၊ အိမ်အမှတ် ၂၆(က) ရှမ်းစုရပ်၊ ဦးသန့်-ဒေါ်လှမေတို့ထံတွင်သော်၎င်း၊ ရန်ကုန်မြို့ မြေနီကုန်းရပ်၊ ပတ္တမြားရိပ်သာအနီး၊ ဒါန်အိုးစက်ပိုင်ရှင် ဦးလှရွှေတို့ထံနှင့် တရားပွဲကျင်းပရာ အထက် အောက် မြန်မာပြည် အရပ်ရပ်တွင်သော်၎င်း ရရှိနိုင်မည် ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

(ပုံ) ဦးသန့်
ယောဂီကြီး။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။

စိန်ရတနာ စာပုံနှိပ်တိုက်တွင်

ပုံနှိပ်လုပ်ငန်းနှင့် ပတ်သက်လာလျှင်

လုပ်သားပြည်သူများ သိသာစေရန်

ဝတ္ထုစာအုပ်အမျိုးမျိုး
ဘာသာရေးစာအုပ်အမျိုးမျိုး
အားကစားစာအုပ်အမျိုးမျိုး
စာနယ်ဇင်းအမျိုးမျိုး
ဘိတ်စာအမျိုးမျိုး
မျက်နှာဖုံးရောင်စုံ အမျိုးမျိုး
စားရင်းဇယားပုံစံအမျိုးမျိုး
ဖြတ်ပိုင်းစာအုပ်အမျိုးမျိုး
လက်ကမ်းကြော်ငြာအမျိုးမျိုး တို့ကို

မြန်ကောင်းသက်သာစွာဖြင့် တာဝန်ယူ လုပ်ကိုင်ဆောင်ရွက်ပေးနေပါသည်။

အမြန်ဆက်သွယ်ပါ။

စိန်ရတနာ စာပုံနှိပ်တိုက်
၃၁၅၊ ကျိုက္ကဆံလမ်း၊ တာမွေ၊ ရန်ကုန်။
(ဖုံး- ၅၀၄၄၅)

# သတိ

သံသရာဝဋ်ဒုက္ခမှ ကင်းလွတ်လိုကြောင်း ဓမ္မညာတိ သူတော်ကောင်းအပေါင်းတို့ လာရောက်တရားအားထုတ်နိုင်ပါရန် မိုးညိုမဟာဓမ္မာရုံမှစားသောက်နေထိုင်ခြင်း ရေ မီး စုံလင်စွာဖြင့် ဆီးကြိုလျက်ပါ။ ။

ယောဂီများအဖွဲ့ချုပ်
မိုးညိုကမ္မဋ္ဌာန်းရိပ်သာကြီး
ကျောက်ရေတွင်း ဥက္ကလာပ
(မြောက်ပိုင်း)ရန်ကုန်။